# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ။နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၃၀)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ ၂၂-၇-၂၀၂၄၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ (၂၈) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲဆိုင်ရာ ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများတက်ရောက်ရန် ကူမင်းမြို့သို့ ထွက်ခွာ



မန္တလေး ဇူလိုင် ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် (၈) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ (၂၈) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲနှင့်ဆက်စပ် အခမ်းအနားများသို့ တက်ရောက်ရန် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် မန္တလေးမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စတာကျန်းဝေတို့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ပို့ကုန်/သွင်းကုန်ပြပွဲများကို "စည်းလုံးညီညွတ်မှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ ပူးတွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးကွင်းသရုပ်ပြ

မန္တလေး ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်မြို့နယ်တို့တွင် စိုက်ပျိုးထားသော ဝါသီးနှံစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ကျောက်ဆည်မြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)၌ ကျင်းပခဲ့ရာ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်မြို့နယ် ခြံစိုက်ကွင်းများမှဝန်ထမ်းများနှင့်တောင်သူများ လာရောက်လေ့လာခဲ့ကြသည်။

သရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က ပန်းတိုင်အထွက်နှုန်း ဝါတစ်ဧက ပိဿာ ၇၀၀ ရရှိရန် မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးသွားရေး ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)မှ ဒေသနှင့်ကိုက်ညီသည့် ဝါမျိုးများကို အပြည့်အဝ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ဝါမစိုက်မီ ပိုက်ဆံလျှော်ကဲ့သို့ သစ်စိမ်းမြေဩဇာကို စိုက်ပျိုး၍ သဘာဝမြေဩဇာရရှိရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားပြီး လွန်ကျော်ခြံတာဝန်ခံ ဒေါက်တာ အေးအေးမြတ်က ဝါသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ဝါပိဿာ ၇၀၀ ပန်းတိုင်အထွက်နှုန်း ရရှိရေး တန်းကြား/ပင်ကြား (၂.၅ပေ x၁ပေ) ဖြင့် တစ်ဧက အပင်ရေ ၃၄၈၃၈ ဝင်ဆန့်အောင် စိုက်ပျိုးထားသည့် စံပြစိုက်ခင်းနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးကြိုဝါမျိုးစေ့ထုတ်စိုက်ခင်းများ၊ စိုက်နည်းစနစ်နှင့် အိန္ဒိယ ဝါမျိုးသစ်များ မျိုးယှဉ်သုတေသန



စမ်းသပ်ကွက်များ၊ ဒေသဝါမျိုးနှင့် မျိုးကူးစပ်ထားရှိမှုများကို ကွင်းဆင်း ဥဇဘက်ကစ္စတန် ဝါမျိုးသစ်များကို လေ့လာခဲ့ကြောင်း သိရသည်။ **သက်ထက်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၁**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဧလ**

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၂ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# သာယာလှပနေသည့် မိုးရာသီ

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတုသုံးမျိုးရှိသည်။ ရာသီဥတုအလိုက် မြန်မာနိုင်ငံသားတို့၏အကျိုးကို ဆောင်ရွက်လျက်ရှိသည်။ နွေရာသီသည် ပူပြင်းခြောက်သွေ့ပြီး နွေ၏ အပူဒဏ်ကို လူ တိုင်း အန်တုရင်ဆိုင်ကာ သွားလာလှုပ်ရှားရသည်။ ပူပြင်းသည့်ဒဏ်ကို မခံစားနိုင်သဖြင့် မိုးရွာစေရန် ဆုတောင်းကြသည်။ ထိုသို့ မိုးမျှော်နေစဉ် မိုးကောင်းကင်ကြီးတစ်ခုလုံး မိုးသားတိမ်လိပ်တို့က ဖုံးလွှမ်းလိုက်သဖြင့် ခေတ္တခဏအအေးဓာတ်ကို ရရှိစေမည်ဖြစ်သည်။ မိုးဦးကို လူတိုင်းတောင့်တကြသည်။ လည်တမော့မော့နှင့်မျှော်ကြသည်။ နွေ၏အပူဒဏ်ကို မခံနိုင်၍ မိုးဦးမြန်မြန်ရောက်ချင်ကြသည်။ မိုးရွာလျှင် မိုးရေချိုးမည်ဟု အားခဲနေသောကလေးငယ်များကလည်း သူ့အတွေးနှင့်သူရှိကြသည်။ မိုးဦးကျလျှင် လယ်ယာလုပ်ငန်းခွင်ဝင်ရန် တောင်သူလယ်သမားကြီးများလည်း ပြင်ဆင်နေကြသည်။ နွေ၏အပူဒဏ်ကိုခံခဲ့ရသော စိမ်းဖန့်ဖန့်ရွက်နုတို့ကလည်း မိုးဦးကို ငံ့လင့်နေကြသည်။ လူသားတိုင်း ပူလောင်ခြင်းထက် အေးမြခြင်းကို နှစ်သက်ကြသည်။ ခြောက်သွေ့ခြင်းထက် စိုပြည်ခြင်းကို မက်မောကြသည်။ ဟောင်းနွမ်းခြင်းထက် သစ်လွင်ခြင်းကို ခုံမင်ကြသည်။ ညှိုးနွမ်းခြင်းထက် လန်းဆန်းခြင်းကိုခံစားလိုသည်။ ယင်းသို့သော စိတ်သဘာဝကို မိုးရာသီ၏အလှတရားတို့က တစ်မျိုးတစ်ဖုံ ဖြည့်စွက်ပေးလျက်ရှိသည်။

တသုန်သုန်တိုက်ခတ်နေသော နွေလေရူးနေရာတွင် မုန်သုံလေရိုင်းက ခတ်ကြမ်းကြမ်းဝင်ရောက်တိုက်ခတ်လာသည်။ မုတ်သုံလေနှင့်အတူ မိုးရန့်တို့သည် တသင်းသင်းနှင့်ပျံ့လွင့်လာသည်။ မိုးစတင်ရွာသွန်းမည့် အချိန်ကတည်းက အပူဒဏ်လျော့ကျသဖြင့် လူတိုင်းလူတိုင်းများစွာဝမ်းမြောက်ကြသည်။ မိုးရွာသွန်းသောအခါ မိုး၏ အေးမြမှုကို ခံစားရသဖြင့် ကြည်နူးကြသည်။ နွေ၏အပူဒဏ်ကို မိုးက ဖြေဖျောက်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် မိုးရာသီသည် နွေရာသီထက် ပိုမိုလှပနေသည်ဟု ခံစားရသည်။

မိုးရာသီတွင် မိုးကောင်းကင်၌ မိုးသားတိမ်လိပ်တို့သည် အသွင်အမျိုးမျိုးဖြင့် လှပလျက်ရှိသည်။ တစ်ခါတစ်ရံ မိုးသားမဲမဲတို့ကို တွေ့ရပြီး တစ်ခါတစ်ရံ မိုးသားဖြူဖြူတို့ကိုတွေ့ရသည်။ တစ်ခါတစ်ရံ အနောက်တောင် မုတ်သုံလေ၏တိုက်ခတ်မှုကြောင့် ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲလေ့ရှိသည်။ တစ်ခါတစ်ရံ ပန်းချီကားတစ်ချပ်နှင့်လည်း တူပြန်သည်။ မိုးတိမ်တောင်များ၏ အလှတရားများကို မိုးရာသီတွင်သာ တွေ့မြင်နိုင်သည်။ နွေရာသီတွင် ရိုးပြတ်များဖြင့် ခြောက်သွေ့လျက်ရှိသော မြန်မာ့လယ်ယာမြေသည် မိုးရာသီ၌ မြသားရောင်လွှမ်းလျက်ရှိသည်။ မိုးရာသီ၏ ရာသီပန်းများဖြစ်သော စံပယ်ပန်း၊ ခတ္တာပန်း၊ ပုန်းညက်ပန်း၊ ကြာပန်း၊ အင်ကြင်းပန်း စသည့်တို့ကလည်း သက်ရှိလူသားတို့အတွက် အပြိုင်အဆိုင် ဖူးပွင့်လာကြသည်။

သို့ဖြစ်ရာ သစ်ပင်စိုက်ပျိုးသောလဖြစ်သော မိုးရာသီ ဇူလိုင်လသည် သက်ဆိုင်ရာဌာနများအလိုက် စိမ်းလန်းစိုပြည်ရေးအတွက် တပျော်တပါး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိသည်။ ထို့ကြောင့် ငွေမြားတံ ပုလဲဥတို့ရွာသွန်းသော မိုးရာသီသည် များစွာသော လူတို့ရှင်သန်ရေး၊ အေးမြချမ်းသာရေးတို့ဖြင့် ပေါင်းစည်းလျက်ကျက်သရေအတိ၊ ပျော်ရွှင်ဖွယ်အတိဖြစ်စေသော သာယာလှပနေသည့် ရာသီကောင်းတစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## စလင်းဝိဘဇ္ဇဝါဒီစာသင်တိုက် စာချ၊ စာသင်ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်



**မန္တလေး ဇူလိုင် ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက် ၆၂လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ စလင်းဝိဘဇ္ဇဝါဒီစာသင်တိုက် စာချ၊ စာသင်သံဃာတော်အပါး(၁၇၉)ပါးတို့အား ဝိဘဇ္ဇဝါဒီဥပထမ္ဘကအဖွဲ့ဦးဆောင်သည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဇကာဒသမအကြိမ်အဖြစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ညနေ ၃နာရီခွဲ က အဆိုပါကျောင်းတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ သုံးကြိမ်"ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နာယကဆရာတော် ဘဒ္ဒန္တနန္ဒသာရ ထံမှ ငြိမ့်ပရိသတ်အပေါင်းက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်သောပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ဆရာတော်က ရေစက်ချတရားဟောကြားချီးမြှင့်၍ ဆရာတော်အမှူးပြုသော ရဟန်း(၄၄)ပါး၊ သာမဏေ(၁၃၅)ပါးတို့က ဝါဆိုဝါကပ်တော်မူကြပြီး အခမ်းအနားကို "စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဧည့်သည်တော်များအား မုန့်ဟင်းခါးနှင့် အချိုပွဲများဖြင့် ဧည့်ခံကျွေးမွေး၍ ကုသိုလ်ကောင်းမှုပြုလုပ်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

## စက်ရေတွင်းတူးဖော်ခြင်းနှင့် ထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်သင်ကြား

**မိတ္ထီလာ ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ဆောက်ရာတွင် တိကျမြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန်နှင့် ဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ရန် စက်ရေတွင်း တူးဖော်ခြင်းနှင့် ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိတ္ထီလာခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၊ အင်ဂျင်နီယာများ သိသင့်သိထိုက်သော လုပ်ငန်းပိုင်းဆိုင်ရာနှင့် ရုံးလုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်တတ်မြောက်၍ ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးလုပ်ငန်းများ၊ စီးပွားရေးထိခိုက်မှု ကုစားရေးအစီအစဉ်အရ ဆောင်ရွက်သော VRFP နှင့် Cash For Work လုပ်ငန်းများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးလက်ကုန်ထုတ်လမ်းများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စသည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ဆောက်ရာတွင် တိကျမြန်ဆန်စွာဆောင်ရွက်နိုင်စေရန်နှင့် ဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်၍ စက်ရေတွင်းတူးဖော်ခြင်းနှင့် ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို မိတ္ထီလာခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ပြီး ၎င်းသင်တန်းကို ၁၀ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)

၀-၀-၀-၀-၀





## ဆင်းရဲချို့တဲ့သည့် အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များနှင့် အလှူငွေများထောက်ပံ့ လှူဒါန်း

**မန္တလေး ဇူလိုင် ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၉ နာရီက ရပ်ကွက်အတွင်းရှိ ဆင်းရဲချို့တဲ့သည့် အိမ်ထောင်စုများနှင့် အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား အခြေခံစားသောက်ကုန်များနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းပွဲကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် အလှူရှင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြပြီး ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စု (၃၆)စုအား အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ ဆီ ငါးဆယ်ကျပ်သား၊ ကြက်ဥ ၁၀လုံး၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ ဆပ်ပြာခဲတစ်ခဲ၊ မြေပဲဆန် ၂၅ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သား၊ လက်ဖက် ၁၀ထုပ်စီနှင့် အသက် ၈၀ နှစ်အထက် အဘိုးအဘွား ၁၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ၊ ကျန်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၀)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynews paper @ gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



○ စာမျက်နှာ ၂၄ မှ

အဆိုပါ ဘုရားဖူးလာ သံဃာတော်များ သာသနာ့နွယ်ဝင် သီလရှင်များ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက် ဖူးမြော်ကြည်ညိုကုသိုလ်ယူသူများအား စေတနာရှင် အလှူရှင်များက ဒံပေါက်၊ အအေးစသည့် စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံကာ ဒါနကုသိုလ်များ ပြုခဲ့ကြကြောင်း သိရသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အများပြည်သူနှင့်သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူး စည်းကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀










## ရွှေမြင်တင်စေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲအခမ်းအနား ကျင်းပ



မိတ္ထီလာ ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ သမိုင်းဝင်မဟာ မဓ္မရာဇိက ရွှေမြင်တင်စေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား တင်လှူပူဇော်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီ ၁၀ မိနစ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တင်လှူပူဇော်ပွဲ အခမ်းအနားတွင် ဦးစွာ ပင့်သံဃာတော်များထံသို့ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို တပ်နယ်အရာရှိကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများနှင့် တက်ရောက်လာကြသူများက ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် သံဃာတော်များထံမှ ကိုးပါးသီလတရားတော်များကို နာယူဆောက်တည်ကြပြီး ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများက ဆက်ကပ်လှူဒါန်းကာ ရေစက်ချတရားတော်များကို နာယူကြသည်။ ထို့နောက် သမိုင်းဝင်မဟာမဓ္မရာဇိကရွှေမြင်တင်စေတီတော်မြတ်၏ ရွှေထီးတော်၊ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများနှင့် ဒေသခံပြည်သူများက စုပေါင်းတင်လှူပူဇော်ပြီး အလှူရှင်မိသားစုများက ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးခဲ့သည်။ အဆိုပါ သမိုင်းဝင်မဟာမဓ္မရာဇိက ရွှေမြင်တင်စေတီတော်၏ ယခင်ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့မှာ မေလ ၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ၎င်းတို့အား အလှူရှင် မိသားစုများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ယခုကဲ့သို့ အသစ်ပြန်လည်တင်လှူပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၅၃)


## စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူမည်

စစ်ကိုင်း ဇူလိုင် ၂၁

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် လှူဒါန်းလိုသူ စေတနာရှင် ပါရမီရှင်များအနေဖြင့် ရွှေတစ်ဆိုင်းလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် သီတဂူဆရာတော်ကြီးထံသို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့လည်းကောင်း၊ ဆွမ်းဦးပုညရှင် ဂေါပကအဖွဲ့ ဦးစိုးဝင်း(ဥက္ကဋ္ဌ) ဖုန်း ၀၉-၂၁၃၀၁၀၆၊ ဦးကျော်လှ(အတွင်းရေးမှူး) ဖုန်း ၀၉-၄၀၀၅၃၂၇၇၃၊ ဦးရဲနောင်(ဘဏ္ဍာရေးမှူး) ဖုန်း ၀၉-၄၀၀၅၃၂၇၈၂၊ ဦးသာနိုး(ရုံးအဖွဲ့မှူး) ဖုန်း ၀၉-၇၉၈၇၆၁၀၂၅ ထံသို့လည်းကောင်း၊ ဦးသစ်ထူးမြင့်(တိုင်းဒေသကြီးစည်ပင်သာယာညွှန်ကြားရေးမှူး) ဖုန်း ၀၉-၆၉၆၄၅၁၆၈၅ ထံသို့လည်းကောင်း၊ UAB အမရပူရဘဏ်ခွဲ စာရင်းအမှတ် 044130100007860 သို့ လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် စစ်ကိုင်းဘဏ်ခွဲ စာရင်းအမှတ် CF 005962 သို့လည်းကောင်း၊ CB BANK စစ်ကိုင်းဘဏ်ခွဲစာရင်းအမှတ် 0005100 900003581 သို့ လည်းကောင်း၊ KBZ BANK စစ်ကိုင်းဘဏ်ခွဲ စာရင်းအမှတ် 05851205800217601 သို့ လည်းကောင်း လွှဲပို့လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်တိုက်တွန်းထားသည်။ အသေးစိတ်သိရှိလိုပါက ဆွမ်းဦးပုညရှင် ဂေါပကအဖွဲ့ထံသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



## ပခုက္ကူမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား သောက်သုံးရေများ ကူညီထောက်ပံ့

ပခုက္ကူ ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် လူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်လျက်ရှိရာ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများထံ သွားရောက်ကာ သောက်သုံးရေများ ကူညီထောက်ပံ့ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကူညီထောက်ပံ့မှုများကို ပခုက္ကူမြို့၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ဧရာဝတီမြစ်ရေဝင်လျက်ရှိသည့် အမှတ် ၁၃ နှင့် ၁၄ ရပ်ကွက်နေ ပြည်သူများ၊ ကုက္ကိုလ်လှ၊ သဘော်ကုန်း၊ ကြက်တန်းကုန်း၊ ရွာသစ်ကုန်း ကျေးရွာနေပြည်သူများထံ သွားရောက်ကာ သောက်သုံးရေသန့်များ၊ အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများအား ကူညီထောက်ပံ့ကြသည်။

အလားတူ ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီအသင်းမှတာဝန်ရှိသူများက ဧရာဝတီမြစ်ရေအတက်အကျအခြေအနေအား စဉ်ဆက်မပြတ်ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ ရေဘေးသင့်အိမ်ထောင်စုများအတွက် ရေဘေးရှောင်ကူညီကယ်ဆယ်ရေးစခန်း ၂၈ခု ဖွင့်လှစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်ပေးခြင်း၊ လိုအပ်သည့် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်များ၊ ဆေးဝါးပစ္စည်းများ ကူညီထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(၃၄၀)

၀-၀-၀-၀

ပန်းမန်သစ်ပင် လေသန့်စင်၍
ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ဝါဆိုသင်္ကန်းနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်လှူဒါန်း



မန္တလေး ဇူလိုင် ၂၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ဇူလိုင် ၂၀ရက် မွန်းလွဲ ၄ နာရီက ဝါဆိုသင်္ကန်းနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းခြင်းကို ပြုလုပ်သည်။

ရေးဦးစွာ မန္တလေး၊ အောင်တော်မူရပ်နေ အလှူရှင်(ဖခင်ကြီး) ဦးသန်းထွန်း၊ (မိခင်ကြီး) ဒေါ်အုန်းကျင်၊ (အကို)ကိုလွင်တို့အား ရည်စူး၍ ကျော်မော်ကဖေး မိသားစုတို့က ကျောင်းအုပ်ဆရာတော်ကြီးနှင့် သင်တန်းကထိကနည်းပြဆရာတော် (၅)ပါးတို့အား ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြပြီး၊ ကျောင်းအုပ်ဆရာတော်ကြီး ဘဒ္ဒန္တကောသလ(ဓမ္မာစရိယ၊ B.A အင်္ဂ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)က ကောင်းမှုကုသိုလ်အစုစုအတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်သည်။

ဆက်လက်၍ အလှူရှင် မန္တလေး၊ အောင်တော်မူရပ်နေ ကျော်မော်ကဖေးမိသားစုတို့က ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့် အဖွဲ့ဝင် ဦးလှဖုန်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၂)

၀-၀-၀-၀

## တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသူများနှင့် သင်ကြားပြသပေးသော ဆရာ၊ ဆရာမများအား ဆုချီးမြှင့်

တမူး ဇူလိုင် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးသော ဆရာ၊ ဆရာမများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ဘော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တမူးခရိုင်ပညာရေးမှူး ဦးစံအောင်မြက အမှာစကားပြောကြားပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုဆွေက ကျောင်းဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ တိုင်းဒေသကြီးအဆင့် အောင်ချက်အကောင်းဆုံးကျောင်း ပထမဆုရ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ တိုင်းဒေသကြီးအတွင်း မြို့နယ်အဆင့် ဒုတိယဆုရ တမူးမြို့နယ်နှင့် ဝိပ္ပံဘာသာတွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် တိုင်းဒေသကြီးအဆင့် စတုတ္ထဆုရ ကျောင်းသား မောင်ခန့်ဇေယျာကျော်၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ပေါက်ကွဲသံများ ဖြစ်ပွားခဲ့ကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ် ကြံခင်းကျေးရွာနှင့် ကန်သာကျေးရွာအနီး၌ ရှော့တိုက်ဒုံး သုံးလုံး ကျရောက်ပေါက်ကွဲခဲ့သည့် နေရာအား တွေ့ရှိရပြီး လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

ဆက်လက်၍ အဆိုပါဝန်းကျင်တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေမှုများကို ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်အောင်စေတနာကျေးရွာအနီး၌ ရှော့တိုက်ဒုံးပစ်ခတ်ပြီး ပျက်စီးနေသည့် ဒုံးပစ်စင် လေးခုနှင့် ပစ်ခတ်ရန် အသင့် တပ်ဆင်ထားသည့် ဒုံးပစ်စင် သုံးခုတို့အား တွေ့ရှိခဲ့ရသဖြင့် ပစ်ခတ်ခြင်းမရှိသေးသည့် ဒုံးသီးများအား စနစ်တကျ သက်မဲ့ပြုလုပ်ခဲ့ကာ အဆိုပါ ရှော့တိုက်ဒုံး ပစ်ခတ်ခဲ့သည့် နေရာနှင့် အနီးဝန်းကျင်တစ်ဝိုက်အား ပိတ်ဆို့စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ရှော့တိုက်ဒုံးပစ်ခတ်ရာတွင် ပါဝင်သူ အကြမ်းဖက်သမား နှစ်ဦးဖြစ်သည့် လယ်ဝေးမြို့နယ် သာဝတ္တိသစ်ကြိမ်း အုပ်စု ဟောမာန်ကျေးရွာနေ ပြည့်ဖြိုးအောင် (ခ) နောက်စေ့နှင့် သက်ခိုင်ထွန်း(ခ) ကိုသက်တို့အား ကနဦး ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်များအရ ဖြစ်စဉ်နှင့်ဆက်စပ်သူ ၁၅ ဦးအား လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိတရားခံများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


တရားခံ ပြည့်ဖြိုးအောင်(ခ)နောက်စေ့


တရားခံ သက်ခိုင်ထွန်း(ခ)ကိုသက်




ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲသည့်နေရာ


အကြမ်းဖက်သမားများက ပစ်ခတ်ရန်ပြင်ဆင်ထားသည့် ဒုံးပစ်စင် သုံးခုအား သက်မဲ့ပြုလုပ်ပြီးစီးမှု။









အကြမ်းဖက်သမားများက ပစ်ခတ်ရန် ပြင်ဆင်ထားသည့် ဒုံးပစ်စင်များကို တွေ့ရစဉ်။






အကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံး အပိုင်းအစများ

■ စာမျက်နှာ ၂၄ မှ

ပျောက်ကင်းသည် "ဟူသော အဓိပ္ပာယ်ရသည်။ ပူနေးတွင် တဖြည်းဖြည်းနှင့်လူကြိုက်များလာခဲ့သည့် အကြောင်းရင်းမှာ လက်ဖက်ရည်ကို ရေနွေး၊ လက်ဖက်ရည်မှုန့်နှင့် သကြားတို့ ရောစပ်ပြီး ဖျော်ထားကာ အရသာစိမ့်စေရန် နွားနို့ကို ထည့်ထား၍ နောက်ပိုင်းတွင် လက်ဖက်ရည်၏ အရသာကို မြှင့်တင်နိုင်ရန် ဖာလာကို ထည့်သွင်းအသုံးပြုထားခဲ့သည်။ ယနေ့တိုင် အာဒီယာသည် ၎င်း၏ ကျော်ကြားသော လက်ဖက်ရည်ပြင်ဆင်သည့် နည်းလမ်းဟောင်းကို လိုက်နာနေဆဲဖြစ်ပြီး မကြာသေးမီက ၎င်းဆိုင်ကို ခေတ်နှင့်အညီ ပြန်လည်မွမ်းမံပြင်ဆင်ခဲ့သည်။

အာဒီယာလက်ဖက်ရည်ဆိုင်သည် အနီးနားရှိ လက်ဖက်ရည်ဆိုင်များနှင့် ခေတ်မီလက်ဖက်ရည်ဆိုင်များ၏ ပြင်းထန်သော ပြိုင်ဆိုင်မှုများနှင့် ရင်ဆိုင်နေရသော်လည်း ပိုင်ရှင်ဖြစ်သူက ၎င်းတို့၏ လုပ်ငန်းသည် ပုံမှန်ဖောက်သည်များအပေါ်တွင် တည်မှီကာ ဆက်လက်ရပ်တည်နိုင်သည်ဟု ဆိုသည်။ သတင်းစာရောင်းသူများနှင့် ဟင်းသီးဟင်းရွက်ရောင်းချသူများ အပါအဝင် ဆိုင်ထိုင်နေကျဖောက်သည်များအတွက် နံနက်စောစောတွင် လက်ဖက်ရည်ဆိုင်ကို ဖွင့်ပေးထားသည်။ ဒေသခံများကလည်း ညနေပိုင်းတွင်ပင် လက်ဖက်ရည်သောက်ရန် ဆိုင်သို့ လာရောက်ကြသည်ဟု ဆိုသည်။ လက်ဖက်ရည်သည် လူတိုင်းအတွက် သောက်စရာဟု ယုံကြည်သောကြောင့် ဆိုင်သည် တတ်နိုင်သမျှ အရည်အသွေးကို ထိန်းသိမ်းရန် ကြိုးစားလျက်ရှိသည်။ ၎င်းဆိုင်တွင် ဘလက်တီး၊ ပုံမှန်လက်ဖက်ရည်၊ အထူးလက်ဖက်ရည်၊ နို့လက်ဖက်ရည်၊ ဘလက်ကော်ဖီနှင့် ဆတ်ဟာကော်ဖီတို့ မှာယူသောက်သုံးနိုင်ပြီး ၁၉၂၀ နှင့် ၁၉၃၀ ပြည့်နှစ်များအတွင်းက ရရှိခဲ့သော စားသောက်ဖွယ်ရာများကို ဆက်လက်ထိန်းသိမ်းထားသည်။ လက်ဖက်ရည်ကို အချိန်ကြာကြာ ပူနွေးစေရန် အထူးစီမံထားသော ရွှံ့ပုံးပေါ်တွင် တစ်နေကုန် အကျရည်ရစေရန် တည်ထားသည်။ အစောပိုင်းတွင် လက်ဖက်ရည်တစ်ခွက်သည် မြန်မာငွေ ၃ ကျပ်ခန့်သာရှိခဲ့သော်လည်း ယနေ့အချိန်တွင် မြန်မာငွေ ၁၈၀၀ ကျပ်ခန့် ရှိနေပြီဖြစ်သည်။ ဆိုင်သည် နေ့စဉ် လက်ဖက်ရည် ခွက် ၃၀၀၀ ကျော် ဝန်ဆောင်မှုပေးကာ ရောင်းချနေပြီး သန့်ရှင်းလတ်ဆတ်မှုကို ထိန်းသိမ်းရန်အတွက် တစ်ကြိမ်လျှင် ၁၅ ခွက်မှ ခွက် ၂၀ အထိသာ ပြင်ဆင်ထားသည်။

အရသာနှင့် လိုက်လျောညီထွေရှိရန် အထူးကြိုးစားအားထုတ်နေပြီး အိန္ဒိယအနောက်တောင်ပိုင်း ကီရာလာဒေသမှ ထွက်ရှိသော အထူးရွေးလက်ဖက်ခြောက်ကို အသုံးပြုကာ လက်ဖက်ရည်ထဲတွင် လိုအပ်သည့် ဟင်းခတ်အမွှေးအကြိုင်များနှင့်အတူ အရသာကောင်းမွန်အောင် ဖန်တီးထားကြောင်း ပိုင်ရှင်ဖြစ်သူက ရှင်းပြသည်။ ၎င်းတို့၏ ဆိုင်သို့ ကီရာလာ အခြေစိုက်ဒေသမှ လက်ဖက်ခြောက်ပေးသွင်းသူများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၉၀ ကတည်းက ယနေ့တိုင် အရည်အသွေးမပျက် ပေးသွင်းခဲ့သည်။ ပိုင်ရှင်ဖြစ်သူက လက်ဖက်ခြောက်၊ လက်ဖက်စိမ်းနှင့် သံပုရာလက်ဖက်ရည်ကဲ့သို့သော ထုပ်ပိုးထားသည့် အမျိုးအစားများကို ၎င်း၏ဆိုင်အမှတ်တံဆိပ်အမည်ဖြင့် စားသုံးသူများထံသို့ မိတ်ဆက်ပေး ရောင်းချရန် စီစဉ်နေသည်ဟု ဆိုသည်။

အဆိုပါ ဆိုင်တွင် လက်ဖက်ရည်အပြင် အဆာပြေအစားအစာများလည်း မှာယူသုံးဆောင်နိုင်သည်။ နာတီကာက ၎င်း၏ အဖိုးဖြစ်သူသည် သကြားရည်ထဲ နှစ်ထားသော အချိုထုပ်များနှင့် နို့ချိုချိုတို့ကို လက်ဖက်ရည်ကြိုက်သူများအတွက် မိတ်ဆက်ပေးခဲ့ကြောင်း ပြောပြသည်။ သို့သော် နောက်ပိုင်းတွင် ယင်းတို့ကို အရောင်းရပ်ဆိုင်းခဲ့ပြီး ယနေ့ဆိုင်တွင် အိန္ဒိယဆန်ပြားဟင်းလျာများနှင့် အိန္ဒိယဂျုံယာဂုအမျိုးအစားကဲ့သို့သော အဆာပြေအစားအစာများကို ရောင်းချလျက်ရှိသည်။ အဆိုပါဆိုင်သည် အွန်လိုင်းအသုံးပြု၍ အစားအသောက်များနှင့် လက်ဖက်ရည်ကို စားသုံးသူများထံ အရောက် ပို့ဆောင်ပေးသည့် ပူနေးမြို့တော်ရှိ ပထမဆုံးလက်ဖက်ရည်ဆိုင်များထဲမှ တစ်ခုဖြစ်သည်။ ၎င်းသည် အနီးနားဒေသများသို့ ပို့ဆောင်ပေးလျက်ရှိပြီး လက်ရှိတွင် လက်ဖက်ရည်အား မိနစ် ၃၀ ကျော် နွေးနေစေရန် အထူးထုပ်ပိုးမှုတစ်မျိုးကို တီထွင်ဖန်တီးလျက်ရှိသည်။ ဆိုင်ပိုင်ရှင် နာတီကာက သူ့ကိုယ်သူ ယုံကြည်သည့်အတွက် အခြားလက်ဖက်ရည်ဆိုင်များ၏ ပြိုင်ဆိုင်မှုများ တိုးမြင့်လာမှုကို "စိတ်မပူပါဘူး"ဟု ပြောပြသည်။ ၎င်းက "လက်ဖက်ရည်သောက်တဲ့သူ နှစ်မျိုးရှိပါတယ်။ ပထမတစ်မျိုးက အချိန်မှန်လက်ဖက်ရည် မသောက်ရရင် မနေနိုင်တဲ့သူတွေနဲ့ လက်ဖက်ရည်ကိုသာ သီးသန့်ကြိုက်တဲ့သူတွေပါ"ဟု ပြောပြသည်။ ၎င်း၏ဆိုင်သည် ဒုတိယအမျိုးအစားဖြစ်သည့် လက်ဖက်ရည်ကိုသာ သီးသန့်ကြိုက်သည့်သူများအား အဓိကထားဆောင်ရွက်ပေးနေသည်ဟု ပြောပြသည်။ ယနေ့အချိန်တွင် အာဒီယာ အမ်ရှုတူလီယာ လက်ဖက်ရည်ဆိုင်သည် ပူနေးမြို့၏ လက်ဖက်ရည်ဆိုင် သမိုင်းတွင် နှစ်တစ်ရာပြည့်ရှိလာပြီဖြစ်သည့် အထင်ကရ နေရာတစ်ခုဖြစ်လာပြီး ပြည်တွင်းမှ လက်ဖက်ရည်ကြိုက်သူများသာမက ကမ္ဘာလှည့်ခရီးသွားဧည့်သည်များလည်း လာရောက် သုံးဆောင်နေသည်အထိ နာမည်ကြီးလာနေပြီ ဖြစ်သည်။

(ချမ်းပြည့်ကို)(ကိုးကား-အင်တာနက်)

၀-၀-၀-၀

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၅၄၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၄၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ချောက်မြို့နယ် ကတိုင်ကျေးရွာမှ ပြည်သူတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး ကျေးရွာအတွင်းမှ ရွှေ၊ ငွေ၊ ကား၊ ဆိုင်ကယ်တို့ကို ယူဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေ




နေပြည်တော် ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကတိုင်ကျေးရွာအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ပစ်ဖောက်ဝင်ရောက်ခဲ့ပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးသွားခဲ့ကြောင်းနှင့် ကျေးရွာအတွင်းမှ ရွှေ၊ ငွေ၊ ကား၊ ဆိုင်ကယ်တို့ကို ယူဆောင်သွားခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ချောက်မြို့နယ် ကတိုင်ကျေးရွာမှ ပြည်သူတစ်ဦးကို ဖမ်းဆီးခြင်းနှင့် ၎င်းကျေးရွာအတွင်းမှ ရွှေ၊ ငွေ၊ ကား၊ ဆိုင်ကယ်တို့ကို ယူဆောင်သွားသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ချောက်မြို့နယ်အတွင်း အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှုမရှိစေရန် လိုအပ်သောလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

### သတင်းပေးတိုင်ကြားနိုင်

PDF အမည်ခံ အကြမ်းဖက်သမားများသည် ချောက်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ငွေကြေးကောက်ခံခြင်း၊ အဓမ္မ လူသစ်စုဆောင်းခြင်းများနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်လျက်ရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက် ည ၁၁ နာရီခန့်တွင် ဆူးတောကျေးရွာအနီးတစ်ဝိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များ လျော့နည်းပပျောက်ရေးအတွက် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက နီးစပ်ရာလုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာထားသည်။

သတင်းစဉ်

## မင်းကင်းမြို့နယ် တုမရကျေးရွာမှ ပြည်သူခြောက်ဦးကို PDF အမည်ခံ အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့မှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့သည်ဟု လုပ်ကြံရေးသား ဝါဒဖြန့်ဝေ




နေပြည်တော် ဇူလိုင် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တုမရကျေးရွာမှ အပြစ်မဲ့ပြည်သူ ခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၆ ရက်တွင် ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဇူလိုင် ၁၇ ရက် နံနက် ၇ နာရီခွဲခန့်တွင် မင်းကင်းမြို့နယ် တုမရကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်သမားများရောက်ရှိလာပြီး အဆိုပါ အပြစ်မဲ့ပြည်သူ ခြောက်ဦးကို ဒလန်ဟုစွပ်စွဲ၍ ကျေးရွာ၏ အရှေ့ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကာ ၎င်းကျေးရွာ ထိပ်အရောက်တွင် ဓား၊ သေနတ်များဖြင့် သတ်ဖြတ်ခဲ့ပြီး ပျဉ်းပင်မော်ကျေးရွာဘက်သို့ ထွက်ခွာသွားခဲ့ကြောင်း၊ ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ ငါးဦး သေဆုံးခဲ့ပြီး၊ တစ်ဦးမှာ မင်းကင်းမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိသော်လည်း ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် မြို့၊ ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲပြီး ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း အပြစ်မဲ့ပြည်သူ ခြောက်ဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့ပြီး တရားမဝင် ပြည်ဖျက်မီဒီယာများမှ တစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု ဖြစ်စဉ်လွဲချကာ လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Justin Bieber ကို Ambani Sangeet တွင် မြင်တွေ့ရ

အိန္ဒိယသန်းကြွယ်သူဌေး မူကေတ်ရှ်အမ်ဘာနီ၏ သားငယ် မင်္ဂလာပွဲအကြို Sangeet အခမ်းအနားတွင် ဂျက်စတင်ဘီဘာကို ဖျော်ဖြေပွဲအတွက် ငှားရမ်းခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

မွမ်ဘိုင်းမြို့တွင် ရောက်ရှိနေသော ဂျက်စတင်ဘီဘာကို တွေ့ရ၍ ပရိသတ်များ စိတ်ဝင်စားခဲ့ရာမှ မင်္ဂလာပွဲအကြို ၁၈ ပွဲ ဆင်နွှဲသည့် အမ်ဘာနီမိသားစုဝင် သားငယ်၏ မင်္ဂလာပွဲကို လာရောက်ဖျော်ဖြေခြင်းဖြစ်ကြောင်း သိရသည်။

ဂျက်စတင်ဘီဘာကို အိန္ဒိယရူပီ ၈၃ ကာရက် အမေရိကန်ဒေါ်လာကိုးသန်းကျော်နှင့် ငှားရမ်းခဲ့ပြီး ဇူလိုင် ၁၂ ရက် မင်္ဂလာပွဲတွင် ဒရိတ်၊ အဒဲ၊ လာနာဒယ်ရေတို့ကိုလည်း ငှားရမ်းထားသည်။

ကမ္ဘာကျော်မင်္ဂလာပွဲအဖြစ် မြင်တွေ့ရပြီး သတို့သမီးနှင့်အတူ အမ်ဘာနီသူဌေးကတော်တို့၏ အိန္ဒိယရိုးရာဖက်ရှင်သစ်များ လက်ဝတ်ရတနာများကို ဆင်မြန်းထားမှုအပေါ် ပရိသတ်အာရုံစိုက်မှုရရှိထားသည်။ (SKY)

## Jung Kook ၏ Itaewon Hill မှ ဇိမ်ခံအိမ်ကြီးပြန်လည်တည်ဆောက်နေ

ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ကု ၏ ကြယ်ဝချမ်းသာမှုကို ဖော်ပြထားခြင်းမရှိသော်လည်း Seven နှင့် ဝင်ငွေများစွာ ရရှိထားသော ဂျောင်ကုသည် အီတာဝမ်တောင်မှ ဇိမ်ခံအိမ်ကြီးကို ပြန်လည်တည်ဆောက်နေသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ကု၏ Itaewon Hill မှ ဇိမ်ခံအိမ်ကြီးကို စိတ်ကြိုက် ပြန်လည်တည်ဆောက်ရာတွင် အနက်ရောင်များသုံးထားပြီး စိတ်ကြိုက်ဖန်တီးပုံဖော်ထားသည်။

လက်ရှိ ဂျောင်ကုသည် သင်တန်းတက်ရောက်နေပြီး သူ၏ တစ်ကိုယ်တော်ဂီတနှင့် အောင်မြင်မှုများစွာ သိမ်းပိုက်ထားကာ ဆုများစွာ ဆွတ်ခူးရရှိထားရာမှ သင်တန်းပြီးစီးပါက နေထိုင်ရန် ဇိမ်ခံအိမ်ကြီးကို တန်ဖိုးကြီးမားစွာ အကုန်အကျခံပြင်ဆင်နေခြင်းဖြစ်သည်။

ဂျောင်ကု၏ အီတာဝမ်တောင်ကုန်းမှ ဇိမ်ခံအိမ်ကြီးသည် ဘေးပတ်ဝန်းကျင်တွင် သံရုံးများနှင့် တိတ်ဆိတ်သော ဆိတ်ငြိမ်ရပ်ကွက်တွင် တည်ရှိပြီး တန်ဖိုးမြင့်မားသည့် ဇိမ်ခံအိမ်ကြီးဖြစ်သည်။ (SKY)




## G-Dragon သည် အတော်ဆုံးတေးရေးဆရာအဖြစ် သတ်မှတ်ခံရပြီး မူပိုင်သီချင်းများစွာရှိထား

ကေပေါ့ပ်အနုပညာလောက ၏ King of Kpop ဟု သတ်မှတ်ခံရသည့် ဂျီဒရယ်ဂွန်(ခေါ်) ကွမ်ဂျီယောင်းသည် ခွန်ဦးတီထွင်သူအဖြစ် ဂုဏ်သိက္ခာကြီးမားစွာနှင့် ရပ်တည်နေသူဖြစ်ပြီး အတော်ဆုံးတေးရေးဆရာဟု သတ်မှတ်ခံရကာ KMCA မူပိုင်သီချင်း ၁၇၂ ပုဒ်ထိရှိသူဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကေပေါ့ပ်လောက၌ ဂျီဒရယ်ဂွန်ပြုလုပ်ခဲ့သော အရာများစွာရှိပြီး လက်ကိုင်တုတ်ကို ကိုယ်တိုင် ဒီဇိုင်းဆွဲခဲ့ပြီး Melon Music Award (MMA) တွင် Album of the Year



ပထမဆုံးဆုရှင်၊ ယူကျူ့စ်တွင် သန်းတစ်ရာအရင်ဆုံး စံချိန်တင်သူ၊ ပရိသတ်ထောင်ကျော်နှင့် ပထမဆုံး MV ရိုက်သူ Nike ဖိနပ်နှင့် ပထမဆုံးလက်တွဲသူ၊ MAMA တွင် ပထမဆုံးမှတ်တမ်းဝင်တစ်ကိုယ်တော်အဆိုတော်၊ Chanel နှင့် ပထမဆုံးအာရှလူမျိုးသံတမန်ဖြစ်ခဲ့သည်။

ကေပေါ့ပ်တွင် အသက်အငယ်ဆုံး အနုပညာရှင်မှတ်တမ်းဝင်(ကလေးဘဝ)၊ နယ်သာလန်၊ ဂျပန်တွင် ပထမဆုံးကေပေါ့ပ်ဖျော်ဖြေသူ သင်တန်းဆင်းပြီး ပရိသတ်ထောင်ကျော် ကြိုဆိုခဲ့သူ (Skriller, Diplo တို့နှင့် ပထမဆုံး ပူးပေါင်းသူ) ဂီတဆုပေါင်း ၂၈ ခုနှင့် KMCA တွင် မူပိုင်သီချင်း ၁၇၂ ပုဒ်ရှိကာ Vogue မဂ္ဂဇင်းတွင် ပထမဆုံးပါဝင်သူ Fingure Heart တီထွင်သူဖြစ်ပြီး ဂီတကို ကိုယ်တိုင်ဖန်တီးထုတ်လုပ်သူစသဖြင့် ကျော်ကြားသူဖြစ်သည်။ (SKY)




## ဗြိတိန်အခြေစိုက် ဟတ်တီကယ်လေကြောင်းအာကာသကုမ္ပဏီ ထောင်လိုက်တက်ဆင်းနိုင်သော လျှပ်စစ်ရဟတ်ယာဉ် တီထွင်

ဗြိတိန်နိုင်ငံတွင် အခြေစိုက်သည့် ဗာတီကယ်လေကြောင်းအာကာသကုမ္ပဏီက ထောင်လိုက်တက်နိုင်ဆင်းနိုင်သော လျှပ်စစ်ရဟတ်ယာဉ်တစ်မျိုး မကြာသေးမီကတီထွင်ထုတ်လုပ်လိုက်သည်။

ဂျီကေအင်န်၊ ဟန်းနီးဝဲလ်၊ လီယိုနာဒိုစသော ကုမ္ပဏီများက အဆိုပါလျှပ်စစ်ရဟတ်ယာဉ်အတွက် လိုအပ်သောဘက်ထရီနှင့် ပန်ကာနည်းပညာများ ထောက်ပံ့ပေးထားကြသည်။

မဖြန့်ဖြူးမီကတည်းကပင် ယင်းလျှပ်စစ်ရဟတ်ယာဉ်ကို အစင်းရေ ၁၅၀၀ ကျော်အထိ ကြိုတင်စာရင်းပေးမှာယူထားကြောင်း ကုမ္ပဏီပြောခွင့်ရသူက ထုတ်ဖော်ပြောကြားသည်။

တစ်နာရီလျှင်မိုင်၁၅၀နှုန်းဖြင့် ဘက်ထရီအားပြည့် လျှင်မိုင် ၁၀၀အထိရောက်အောင် မောင်းနှင်နိုင်သည့် ထိုရဟတ်ယာဉ်ကို မကြာမီလက်တွေ့မောင်းနှင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ (SCI)

## Bailu ကို Golden Crown Food သံတမန်ခန့်အပ်

တရုတ်အနုပညာရှင် ဘိတ်လူကို ကုန်ပစ္စည်းအမှတ်တံဆိပ် Golden Crown Food ၏ သံတမန်အဖြစ် တရားဝင်ခန့်အပ်ကြောင်း ကြေညာထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အနုပညာရှင်များ ကုန်ပစ္စည်းအမှတ်တံဆိပ်များစွာ၏ သံတမန်များဖြစ်ခဲ့ကြရာ စားသောက်ကုန်ပစ္စည်းအမှတ်တံဆိပ်တစ်ခုဖြစ်သည့် Golden Crown Food ကလည်း ဘိတ်လူကို သံတမန်ခန့်အပ်၍ ရောင်းအားမြှင့်တင်ရန် ပြင်ဆင်နေသည်။

ဘိတ်လူတက်ရောက်ခဲ့သည့် ကုန်အမှတ်တံဆိပ်ပွဲတိုင်းတွင် ဆန်းသစ်သော ဖက်ရှင်စတိုင်လ်များနှင့် မြင်တွေ့ကြရကာ Golden Crown Food ပွဲတွင်လည်း ပန်းနုရောင်ဖက်ရှင်နှင့် လှပနေသည်ကိုတွေ့ရ၍ ပရိသတ်နှစ်ခြိုက်နေကြသည်။

ဇူလိုင်လအတွက် ဘိတ်လူက သူ၏ဓာတ်ပုံများကို မျှဝေပေးမည်ဖြစ်ပြီး ဇွန်လအတွက် ထိပ်ဆုံးကုန်အမှတ်တံဆိပ်ကြော်ငြာများ စာရင်းတွင် ဘိတ်လူက ထိပ်ဆုံးစာရင်းဝင်ဖြစ်ခဲ့သည်။ (SKY)



## Lalisa @ Lisa လျှောက်လှမ်းခဲ့သည့် အနုပညာခရီးလမ်းအကြောင်း သင်တန်းဆရာမပြောကြားထား

ထိုင်းအနုပညာရှင် ကေပေါ့ပ်အဖွဲ့ဝင် လီဆာ(ခေါ်) လာလီဆာသည် အရှေ့တောင်အာရှပါရမီရှင်အကသမားတစ်ဦးဖြစ်ခဲ့ကာ သူ၏ သင်တန်းဆရာမက သူလျှောက်လှမ်းခဲ့သည့် အနုပညာခရီးလမ်းအကြောင်း ဝေမျှပေးထားသည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

လီဆာသည် ငယ်စဉ်ကပင် အဆိုအက လေ့ကျင့်ခဲ့ပြီး သင်တန်းဆရာမ ကရူကိုက MGR အွန်လိုင်းဝက်ဘ်ဆိုက်တစ်ခုနှင့် အင်တာဗျူးတွင် လီဆာအကြောင်း ပြောကြားခဲ့သည်။

လီဆာသည် ပိုင်ဂျီအင်တာတိန်းမင့်ပြိုင်ပွဲမအောင်မြင်မီက ဆရာပေါင်းများစွာရှိခဲ့ပြီး ကရူကိုမှာ သူ၏နောက်ဆုံးဆရာမဖြစ်ကာ၊ ငယ်စဉ်ကပင်ဖျတ်လတ်တက်ကြွ၍ ပျော်တတ်ပြီး ယောကျ်ားလေးဆန်ကာ ဂေါ့သ်ဆဲဗင်းမှ ဘန်ဘန်နှင့်သူငယ်ချင်းများဖြစ်ခဲ့ကြသည်။

သူ၏ငယ်စဉ်ကစ၍ တောက်လောင်နေသော အိမ်မက်တစ်ခုရှိပြီး ကေပေါ့ပ်အနုပညာရှင်ဖြစ်လို၍ ကြိုးစားခဲ့ရာ လဲကျရာမှ အကြိမ်ကြိမ်ပြန်ထခဲ့ပြီး အပြုံးမပျက်အောင်မြင်မှုကို ပိုင်ဆိုင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်ဟု ပြောပြခဲ့သည်။ (SKY)



## Wanderland Of Love ဇာတ်လမ်း ၂၀၂၄ ခုနှစ် နှစ်ဝက်တွင် လူကြိုက်များ

၂၀၂၄ ခုနှစ် နှစ်ဝက်အတွင်း ပြသခဲ့သည့် တရုတ်ဇာတ်လမ်းတွဲများစွာအနက် ပရိသတ်သဘောကျခဲ့သော ဇာတ်ကားများတွင် Wander Land Of Love လည်း ပါဝင်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အနုပညာလောကမှ နှစ်ဝက်အတွင်း ထွက်ရှိထားသည့် ဇာတ်ကားများမှာ The Last Immortal Chinese Pladin 4,6, My Boss, 199 Love, Wonder Land of Love, Burning Flames, In Blossom, War of Faith, Live Surgery Room, Joy of Lofe, The Legend of Shenli, Fox Sprint Matchmaker Red Moon, The Double, The Priness Royal ဇာတ်ကားများဖြစ်ကြသည်။




အဆိုပါဇာတ်ကားများအနက် ပရိသတ်အားပေးမှုတစ်ခဲနက် ရရှိထားသော ဇာတ်ကားများမှာ Land of Loved, In Blosson, The Legend of Shenli နှင့် Fox Sprint Matchmaker Red Moon တို့မှာ လူကြိုက်များခဲ့သည့် သရုပ်ဆောင်များ၏ ဆွဲဆောင်အားကောင်းခဲ့သောကြောင့်ဟု ဆိုသည်။

ဇာတ်လမ်းအရ The Last Immortal, War of Faith, Live Surgery Room နှင့် The Double တို့ ပါဝင်ထားကြသည်။ (SKY)

# ဥရောပသမဂ္ဂနှင့် ပိုမိုနီးကပ်စွာဆက်ဆံရန် ဝန်ကြီးချုပ် ဆာကီယာစတာမာ ကတိပြုခဲ့



**လန်ဒန် ဇူလိုင် ၂၁**

ဥရောပနိုင်ငံများမှ အထူးဧည့်သည်တော် ၄၇ ဦးတို့ကို ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာက အောက်စဖို့ဒ်ရှိုင်းယားနယ်ရှိ ဘလင်ဟိမ်းနန်းတော်၌ ဇူလိုင် ၁၈ ရက်က လက်ခံတွေ့ဆုံခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သမ္မတနှင့် ဝန်ကြီးချုပ်အဆင့် ဥရောပခေါင်းဆောင်များ အလည်အပတ်ရောက်ရှိလာစဉ် ထိုသို့တွေ့ဆုံရာ၌ ဝန်ကြီးချုပ် ဆာကီယာစတာမာက ဥရောပသမဂ္ဂနှင့် ပိုမိုနီးကပ်စွာဆက်ဆံရန် ကတိကဝတ်ပြုပြောဆိုခဲ့သည်။

ဥရောပခေါင်းဆောင်များ အလည်အပတ် ရောက်မလာမီ ကြိုတင်က ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပနှင့် တစ်သားတည်းရှိနေရန် လိုအပ်သည်ဟု ပြင်သစ်နိုင်ငံထုတ် လမွန့်ဒါသတင်းစာတွင် ၎င်း ရေးသားခဲ့သည်။

ဆာကီယာစတာမာ၏ ကတိကဝတ်ကို ကြားသိရပြီးနောက် ဖင်လန်သမ္မတ အလက်ဇန်းဒါးစတပ်က ဥရောပထဲသို့ ဗြိတိန်ပြန်ရောက်လာပြီဟု မှတ်ချက်ချခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဗြိတိန်ကို အကဲဖြတ်ရန် စောလွန်းနေသေးသည်ဟု ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တူနီးရှားလက်ရှိအာဏာရသမ္မတ ကိုက်စ်ဆိုင်ယက်ဒ် အောက်တိုဘာရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်



**တူးနစ် ဇူလိုင် ၂၁**

လာမည့် အောက်တိုဘာ ရွေးကောက်ပွဲတွင် မိမိ ပါဝင်ယှဉ်ပြိုင်မည်ဟု တူနီးရှားလက်ရှိ အာဏာရသမ္မတ ကိုက်စ်ဆိုင်ယက်ဒ်က ဇူလိုင် ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

တူနီးရှားနိုင်ငံ၌ အားကောင်းသော အတိုက်အခံပါတီကိုယ်စားပြုသမ္မတလောင်းများ မရှိသဖြင့် အောက်တိုဘာ ၆ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ ၎င်းသာ အနိုင်ရလိမ့်မည်ဟု လေ့လာသူများက ထောက်ပြသည်။

သမ္မတ ကိုက်စ်ဆိုင်ယက်ဒ်သည် ဥပဒေပါမောက္ခဘဝမှ ၂၀၁၉ ခုနှစ်တွင် နိုင်ငံတော်သမ္မတဖြစ်လာပြီးနောက် အတိုက်အခံနိုင်ငံရေးအင်အားစုများကို ဖယ်ရှားရှင်းလင်းပစ်ခဲ့ကြောင်း သိရသည်။

**Mon**

## လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းသော သေနတ်ပစ်မှု၌ ဒေါ်နယ်လ်ထရမ့်၏နားရွက် ၂ စင်တီမီတာမျှသာ ဒဏ်ရာရ

**ဝါရှင်တန် ဇူလိုင် ၂၁**

မကြာသေးမီက အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၌ ဖြစ်ပွားခဲ့သည့် လုပ်ကြံသတ်ဖြတ်ရန်ကြိုးပမ်းသော သေနတ်ပစ်မှု၌ သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်၏ နားရွက် ၂ စင်တီမီတာမျှသာ ဒဏ်ရာရခဲ့သည်ဟု ၎င်းကို ကုသပေးခဲ့သော ဆရာဝန်က ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စင်စစ်တွင် သေနတ်သမားပစ်လိုက်သော သေနတ်မှ ထွက်လာသည့် ကျည်ဆန်သည် ထရမ့်၏ ဦးခေါင်းထဲသို့ ဖောက်ဝင်မည့်လမ်းကြောင်းမှ တစ်လက်မ၏ လေးပုံတစ်ပုံခန့်အကွာ၌ ဖြတ်သွားခဲ့ခြင်းဖြစ်သည်ဟု အိမ်ဖြူတော်ဆရာဝန်ဟောင်း ရွန်နီဂျက်ဆင်က ရှင်းပြသည်။

ထရမ့်၏ ညာဘက်နားရွက် အပေါ်ပိုင်းကို ကျည်ဆံလျှပ်ထိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာ၏အကျယ် ၂ စင်တီမီတာမျှသာရှိသော်လည်း ဆေးထည့်ပြီးသည့်တိုင် သွေးထွက်နေဆဲဖြစ်သဖြင့် ပတ်တီးစည်းပေးထားရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0





## လာမည့် ၂၀၂၅ ခုနှစ်အတွက် အသုံးစရိတ်ကို အိုလတိဖ်ရှုလ်ဇ် ဦးဆောင်သောအစိုးရ အတည်ပြု

**ဘာလင် ဇူလိုင် ၂၁**

ဂျာမနီနိုင်ငံ၏ လာမည့် ၂၀၂၅ ခုနှစ်အတွက် အသုံးစရိတ်ကို ဝန်ကြီးချုပ် အိုလတိဖ်ရှုလ်ဇ် ဦးဆောင်သော ညွန့်ပေါင်းအစိုးရ မကြာသေးမီက အတည်ပြုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံမှုများအတွက် အမေရိကန်ဒေါ်လာ သန်း ၈၅၀၀၀ နှင့်ညီမျှသော ယူရို သန်း ၇၈၀၀၀ သတ်မှတ်ခဲ့သည့် ထိုအသုံးစရိတ်ကို အတည်ပြုနိုင်ရန်အတွက် သုံးပါတီညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ရက်သတ္တပတ် သုံး၊ လေးပတ်ကြာ အချိန်ယူညှိနှိုင်းခဲ့ရသည်။

ပို့ဆောင်ရေး၊ ပြည်ထဲရေး၊ မိသားစုရေးရာ၊ နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် ပညာရေးဝန်ကြီးဌာနများအတွက် အသုံးစရိတ် တိုးမြှင့်ထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ပြောခွင့်ရသူက ရှင်းလင်းပြောကြားသည်။

နေတိုးကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်ထားသော်လည်း ယူကရိန်းနိုင်ငံအတွက် အထောက်အပံ့ကို ထက်ဝက်လျှော့ချသတ်မှတ်ခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ်အတွက် အစိုးရအသုံးစရိတ်ကို နိုဝင်ဘာလတွင် ပါလီမန်သို့ တင်ပြပြီးမှ အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## တောင်အာဖရိကနိုင်ငံရှိ ဂရိုဘာစဒါးလ်မြို့တွင် မူးယစ်ဆေးဝါးဓာတ်ခွဲခန်း ဖော်ထုတ်ဖမ်းဆီးရမိ

**ကိပ်တောင်း ဇူလိုင် ၂၁**

တောင်အာဖရိကနိုင်ငံ အရှေ့မြောက်ပိုင်း လင်ပိုပိုပြည်နယ် ဂရိုဘာလာစဒါးလ်မြို့တွင် မူးယစ်ဆေးဝါးဓာတ်ခွဲခန်းတစ်ခန်းကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်ဟု ဒေသခံရဲတပ်ဖွဲ့က ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

မက်တာအဖက်တမင်း၊ ဘိန်းဖြူနှင့် အခြားမူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင်သုံးသော အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်တန်ဖိုးရှိသည့် ဓာတုပစ္စည်းအမျိုးမျိုးကို ယင်းဓာတ်ခွဲခန်းထဲ၌ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ရန် ကြံစည်နေကြသော မက္ကဆီကိုနိုင်ငံသား နှစ်ဦးအပါအဝင် သံသယရှိသူ လေးဦးတို့ကိုလည်း လက်ရဖမ်းဆီးခဲ့ကြောင်း သိရသည်။

**Mon**



မုန်တိုင်း နှစ်ခုကြောင့် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် တရုတ်နိုင်ငံအရှေ့ပိုင်း ဟူနန်ပြည်နယ်တစ်နေရာတွင် ရေကြီးနေသည်ကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။ **Mon**

## တစ်ကမ္ဘာလုံးရှိ ဝင်းဒိုးစ်ကွန်ပျူတာ ၈ သန်းခွဲခန့်အထိ ခရောက်စထရိုက်အိုင်တီပြဿနာကြောင့် အခက်ကြုံ

**ဝါရှင်တန် ဇူလိုင် ၂၁**

တစ်ကမ္ဘာလုံးရှိ ဝင်းဒိုးစ်စနစ်သုံးသော ကွန်ပျူတာ ၈ သန်းခွဲခန့်အထိ ခရောက်စထရိုက် အိုင်တီပြဿနာကြောင့် များစွာ အခက်ကြုံနေရသည်ဟု အမေရိကန်အခြေစိုက် မိုက်ခရိုဆော့ဖ်ကုမ္ပဏီက ဇူလိုင် ၂၀ ရက်တွင် အတည်ပြုကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အခြေစိုက် ခရောက်စထရိုက်ဟု အမည်ရသော လုံခြုံရေးကုမ္ပဏီက ဆော့ဖ်ဝဲလ်အဆင့်မြှင့်တင်မှု ပြုလုပ်ရာမှ မိုက်ခရိုဆော့ဖ်ကုမ္ပဏီ၏ ဝင်းဒိုးစနစ် ယိုယွင်းသွားခဲ့ခြင်း ဖြစ်သည်။

ထိုအိုင်တီပြဿနာကြောင့် တစ်ကမ္ဘာလုံးရှိ ကွန်ပျူတာပေါင်း ၈ သန်းခွဲခန့် ပုံမှန်အလုပ်ကို ကောင်းစွာလုပ်ဆောင်နိုင်ခြင်း မရှိတော့ဘဲ ယိုယွင်းသွားသည်ဟု ဆိုရာတွင် ရာခိုင်နှုန်းအားဖြင့် ၁ ရာခိုင်နှုန်းပင် မရှိခဲ့ကြောင်း မိုက်ခရိုဆော့ဖ်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဝက်စတန်က ရှင်းလင်းပြောကြားသည်။

၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် တစ်ကမ္ဘာလုံး၌ ကွန်ပျူတာကွန်ရက်ဆိုင်ရာ အနှောင့်အယှက်အမျိုးမျိုး ကြုံတွေ့ခဲ့ရာ ဤခရောက်စထရိုက် အိုင်တီပြဿနာက လုပ်ငန်းပေါင်းများစွာတို့ကို ကြီးမားစွာ ခြိမ်းခြောက်ခဲ့သည်။



အလားတူပြဿနာ ထပ်မံမကြုံတွေ့စေရန် သက်ဆိုင်ရာကုမ္ပဏီအသီးသီးမှ အိုင်တီကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**Mon**

# အစိမ်းရောင် စွမ်းအင် အသွင်ပြောင်းလဲမှု မြှင့်တင်နိုင်ရေး

မောင်မောင်စွယ်စုံထွန်း

ယခုအခါ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ လောင်စာဆီ ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို အလူးအလဲခံစားနေရပါသည်။ လောင်စာဆီ ဈေးနှုန်းကြီးမြင့်မှုကို အခြေခံ၍ ကုန်ဈေးနှုန်းကြီးမြင့်လာမှုကို ပြည်သူတို့ ခံစားနေကြရပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ ပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ သဘောတူညီချက်များတွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်သည့် အားလျော်စွာ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် အထူးအရေးပါသော လျှပ်စစ်ရထားနှင့် လျှပ်စစ်ကားများကို ယခုအခါ ပြောင်းလဲသုံးစွဲရန် အချိန်ကျရောက်၍လာပြီ ဖြစ်ပါသည်။ လျှပ်စစ်ရထားနှင့် လျှပ်စစ်ကားများသည် အင်ဂျင်မပါရှိတော့ဘဲ မော်တာဖြင့်သာ ရွေ့လျားအောင် လုပ်ဆောင်ခြင်းဖြစ်၍ ပုံမှန်ရထားနှင့် ကားများထက် အစိတ်အပိုင်းများစွာ နည်းပါးလာပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို ထုတ်လွှတ်သော ရုပ်ကြွင်းလောင်စာဆီနှင့် ဓာတ်ငွေ့များသုံးစွဲရန် လုံးဝမလိုအပ်တော့ပါ။ လျှပ်စစ်ရထားနှင့် လျှပ်စစ်ကားများ ဖွံ့ဖြိုးသုံးစွဲလာရန်မှာ နိုင်ငံတော်၏ လျှပ်စစ်ထုတ်လုပ်နိုင်မှုအခြေအနေနှင့် လျှပ်စစ်ကားများအပေါ် အခွန်အကောက်များ လျှော့ချပေးနိုင်မှုတို့သည် အထူးအရေးပါသော အခန်းကဏ္ဍသို့ ရောက်ရှိလာပြီလည်း ဖြစ်ပါသည်။

ထိုသို့ ကမ္ဘာ့လောင်စာဆီဈေးနှုန်း ကြီးမြင့်လာမှုနှင့်အတူ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး တိုက်တွန်းနိုးဆော်လာမှုများကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် လျှပ်စစ်ရထားနှင့် လျှပ်စစ်ကားများ အစားထိုးသုံးစွဲနိုင်ရေးကို ကမ္ဘာ့နှင့်တစ်ဝန်း ပြိုင်ဆိုင်ကြိုးစားလာခဲ့ကြပါသည်။ ဂျပန်နိုင်ငံမှ ပညာရှင်အချို့က ဓာတ်ဆီကားနှင့် လျှပ်စစ်ကားများ၏ စွမ်းအင်အတွက် ကုန်ကျစရိတ်ကို ၈၀၀ ကီလိုမီတာစီ မောင်းနှင်၍ စမ်းသပ်လေ့လာခဲ့ရာ ဓာတ်ဆီကားထက် လျှပ်စစ်ကားက ကုန်ကျစရိတ် ထက်ဝက်ကျော် သက်သာနေသည်ကို တွေ့ရှိခဲ့ကြပါသည်။ ထို့ပြင် လျှပ်စစ်ကားအတွက် အားသွင်းနိုင်သောနေရာများကို အမြန်လမ်း ကားရပ်နားနေရာများ၊ ဈေးဝယ်စင်တာများ၏ Car parking နေရာများတွင် ပြုလုပ်ပေးထားခြင်းဖြင့် အချိန် အလဟဿမဖြစ်စေဘဲ အကျိုးပိုမိုရှိစေနိုင်ကြောင်းကိုလည်း တွေ့ရှိလာခဲ့ကြသည်။ လျှပ်စစ်ကားများ၏ အားသာချက်များစွာကို တွေ့ရှိလာကြပြီး နောက်ပိုင်းတွင် ကမ္ဘာ့ကားထုတ်လုပ်သော ကုမ္ပဏီကြီးများသည် လျှပ်စစ်ကားကိုသာ ဦးစားပေး ထုတ်လုပ်လာကြပြီး Tesla ကဲ့သို့သော လျှပ်စစ်ကားသီးသန့်ထုတ်လုပ်သော ကုမ္ပဏီကြီးများပင် ပေါ်ပေါက်လာပြီ ဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ အကြီးဆုံး ရေနံလက်ကားကုမ္ပဏီကြီးဖြစ်သော Eneos Holdings ကုမ္ပဏီကြီးသည်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ် ကင်းစင်ရေး တွန်းအားပေးမှုများနှင့်အညီ ကုမ္ပဏီ၏ စီးပွားရေးပုံစံကို ပြောင်းလဲခဲ့ပြီး ရုပ်ကြွင်းလောင်စာများ ရောင်းချနေမှုအား လျှော့ချ၍ ဂျပန်နိုင်ငံတစ်ဝန်းတွင် လျှပ်စစ်အားသွင်းကွန်ရက်ကို ထူထောင်ပြီး ဗဟိုမှထိန်းချုပ်နိုင်ရန် အဆိုပါကုမ္ပဏီမှ စီစဉ်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။ ထို့ပြင် Eneos ကုမ္ပဏီသည် ရုပ်ကြွင်းလောင်စာသုံးမဟုတ်သော ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဟိုက်ဘရစ်ရထားများ တီထွင်ထုတ်လုပ် သုံးစွဲရန်လည်း East Japan Railway Company နှင့် သဘောတူညီချက်များ ရရှိထားပြီ ဖြစ်ပါသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လျှော့ချနိုင်ရေးအတွက် လျှပ်စစ်ရထားများ တီထွင်ထုတ်လုပ်၍ ဈေးကွက်ထိုးဖောက်နိုင်ရန် တရုတ်မီးရထားကုမ္ပဏီများမှလည်း အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိနေကြပါသည်။ အစ္စရေးနိုင်ငံတွင် ပထမဆုံး လျှပ်စစ်ရထားပြေးဆွဲမှုအတွက် အစ္စရေးအစိုးရ၏ တင်ဒါခေါ်ယူမှုတွင် တရုတ်ကုမ္ပဏီ Changchun Railway Vehicles Co;Ltd(CRVC)က တင်ဒါအောင်မြင်၍ ရရှိခဲ့ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလခန့်တွင် အစ္စရေးနိုင်ငံတစ်ဝန်းလုံးကို လျှပ်စစ်ရထားလိုင်းများ စီးပွားဖြစ် စတင်ပြေးဆွဲဆောင်ရွက်လျက်ရှိကြပါသည်။ အလားတူ မြန်မာနိုင်ငံ၏ အိမ်နီးချင်းကုန်းတွင်းပိတ်နိုင်ငံဖြစ်သော လာအိုနိုင်ငံတွင်လည်း ပထမဆုံးလျှပ်စစ် ကျည်ဆံရထား (EMU Train) ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် စတင်ပြေးဆွဲနိုင်ခဲ့ပြီ ဖြစ်သည်။ ၂၀၂၂ ခုနှစ် မေလအတွင်းတွင် နိုင်ငံတစ်ဝန်းလုံးသို့ လွှမ်းခြုံ၍ လျှပ်စစ်ရထားခရီးစဉ်များ အပါအဝင် လျှပ်စစ်စွမ်းအင်အခြေပြု ခရီးသွားလုပ်ငန်းများ အားလုံးကို ပုံမှန်လည်ပတ် ဆောင်ရွက်နိုင်ခဲ့ပြီလည်းဖြစ်ပါသည်။ နာမည်ကြီး လျှပ်စစ်ကားကုမ္ပဏီ Tesla ကို ထူထောင်ခဲ့သူဖြစ်သည့် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်စာရင်းဝင်ဖြစ်လာသော Elon Musk က ပြောခဲ့သော စကားတစ်ခွန်းရှိသည်။ "ဘာပဲလုပ်လုပ် ဝေဖန်ကဲ့ရဲ့ခြင်းက ပြေး၍ လွတ်မည်မဟုတ်။ ဝေဖန်မှုတွေကို လျစ်လျူရှုပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားခြင်းသည်သာ ထွက်ပေါက်ဖြစ်သည်"ဟူ၍ ဖြစ်သည်။ လျှပ်စစ်ကားထုတ်လုပ်မည်ဟု Elon Musk ကြေညာခဲ့စဉ်က ဝေဖန်မှုပေါင်းများစွာ ခံခဲ့ရသော်လည်း ၂၀၂၁ ခုနှစ် အောက်တိုဘာလ တွင် ကမ္ဘာ့အကြီးမားဆုံး မော်တော်ကား ထုတ်လုပ်သူဖြစ်လာခဲ့သည့် နာမည်ကျော် လျှပ်စစ်ကားကုမ္ပဏီ Tesla ကို လက်ဝယ်ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်ပါသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအများအပြားတွင် Elon Musk ကို အားကျ၍ ကမ္ဘာ့ကျော်လျှပ်စစ်နှင့် IT ကုမ္ပဏီကြီးများ အများအပြားသည် လျှပ်စစ်ကားထုတ်လုပ်ရေးကို သူ့ထက်ငါ လက်ဦးမှုရအောင် ကြိုးစားဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်သည်။

ယခုအခါ လျှပ်စစ်ကားများကို အလိုအလျောက် အားသွင်းစနစ်လိုမျိုး ဟိုက်ဒရိုဂျင်လောင်စာနှင့် hybrid စနစ်သုံးပြီး ခရီးအကွာအဝေး ပိုမိုမောင်းနှင်နိုင်သောစနစ်မျိုး ဖန်တီးတီထွင်လျက်ရှိကြရာ EV လောက တစ်ခေတ်ဆန်းလာနေပြီလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ လောင်စာဆီ ဈေးမြင့်တက်လာသည့်အတွက် လျှပ်စစ်ကားများကို ထုတ်လုပ်လာစေရန် နိုင်ငံတော်က ထုတ်လုပ်ခွင့်ပြုပေးခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာခုကန် စက်မှုဇုန်ရှိ KSD လျှပ်စစ်ကားစက်ရုံတွင် တရုတ်နိုင်ငံ၏ နည်းပညာအကူအညီဖြင့် ၂၀၂၂ခုနှစ် မတ်လမှ စတင်၍ လျှပ်စစ်ကားအစီးရေ ၅၀၀အား စတင်ထုတ်လုပ်၍ ဈေးကွက်ဖြန့်ချိနေပြီ ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်မှစ၍ ကမ္ဘာ့တစ်ဝန်းမှာ လျှပ်စစ်ကားများကို အရှိန်အဟုန်မြင့် အသုံးပြုလာကြပြီး တရုတ်နိုင်ငံသည် လျှပ်စစ်ကားအသုံးပြုခြင်းကို အရေအတွက်အားဖြင့် ပထမနေရာတွင် ရပ်တည်နေပါသည်။ အခြားတိုးတက်ပြီး နိုင်ငံကြီးများတွင်လည်း ၂၀၃၅ ခုနှစ်မှ စတင်ကာ လျှပ်စစ်ကားသီးသန့်သာ ရောင်းချတော့မည်ဟု ကြေညာချက်များ ထုတ်ပြန်ထားကြပါသည်။ နိုင်ငံတကာတွင် လျှပ်စစ်ကားကို ရာသီဥတုဖောက်ပြန်လာခြင်းကို လျော့ကျစေရန် အသုံးပြုကြပေမယ့် မြန်မာနိုင်ငံအတွက် လျှပ်စစ်ကားကို အသုံးပြုရမည့် အဓိကအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်နိုင်ပါသည်-

**၁။ အစိုးရသို့ ပေးသွင်းရန် အခွန်များ ကင်းလွတ်ခွင့်ရရှိခြင်း**

လျှပ်စစ်ကားများအတွက် အစိုးရမှ အခွန်အခများစွာ ကင်းလွတ်ခွင့်ပေးထားတဲ့အတွက် စတင်ဝယ်ယူချိန်မှာ အခြားလောင်စာဆီသုံးကားများအတိုင်း အခွန်အခများစွာ ပေးသွင်းရန်မလိုသည့်အတွက် ကားတန်ဖိုးမှာ သက်သာနေနိုင်ပါသည်။

**၂။ အိမ်တွင် ဈေးသက်သာစွာ အားသွင်းနိုင်ခြင်း**

လျှပ်စစ်ကားများကို အိမ်မှာ အားသွင်းလို့ရမှာဖြစ်ပြီး မီတာခမှာ ယနေ့ လောင်စာဆီဈေးထက် ခြောက်ဆခန့် သက်သာမည် ဖြစ်သည်။ တစ်လကို ခြောက်သိန်း ဆီဖိုးကုန်ကျနေသူသည် မီတာခ တစ်သိန်းခန့်သာ ကုန်ကျပါမည်။ ထို့အပြင် လူအများစုအတွက် လျှပ်စစ်ကားကို (အိမ်သုံး level 2 charger ဖြင့် ၇ နာရီခန့်) တစ်ကြိမ် အားသွင်းရုံဖြင့် ၇ ရက်ခန့် အသုံးပြုနိုင်ပါသည်။ ထို့ကြောင့် အိမ်တွင် တစ်ပတ်လုံးကို ၇ နာရီခန့် မီးလာရုံဖြင့် လျှပ်စစ်ကားကို အသုံးပြုနိုင်ပါသည်။

**၃။ ပြင်ဆင်စရိတ် သက်သာခြင်း**

လျှပ်စစ်ကားများတွင် လောင်စာဆီသုံးကားများကဲ့သို့ အင်ဂျင်ဝိုင်၊ ဂီယာဝိုင်လဲခြင်းများ မရှိသည့်အတွက် နှစ်စဉ်ကုန်ကျစရိတ် သက်သာနိုင်ပါသည်။ ယခု နောက်ဆုံးပေါ်လျှပ်စစ်ကားများ၏ Battery အများစုသည် အာမခံ ၁၀နှစ်ခန့် ပေးထားသည့်အတွက် စိတ်ချလက်ချ အသုံးပြုနိုင်သည့်အပြင် Battery နည်းပညာများ အစဉ်တိုးတက်နေသောကြောင့် နောင် ၁၀ နှစ်တွင်လည်း Battery လဲလှယ်ရမည်ဆိုပါက အင်ဂျင်အသစ်လဲသည့်အတိုင်း ကုန်ကျစရိတ်သည် သက်သာနိုင်ပါသည်။

ယခုအခါ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီး နိုင်ငံအများအပြားသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသုံး Bus ကားများကိုလည်း သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပေးမည့် New Energy Bus များဖြင့် အစားထိုးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုးတက်ဖွံ့ဖြိုးပြီး ဥရောပတိုက်နိုင်ငံများ အမေရိကန်၊ ဂျပန်၊ တောင်ကိုးရီးယားနှင့် စင်္ကာပူနိုင်ငံများတွင် ၎င်းတို့၏ မြို့တော်များကို Green City အဖြစ် လုံးဝ ပြုပြင်ပြောင်းလဲ ဖန်တီးနိုင်ရေးအတွက် New Energy Bus များအား အစားထိုးအသုံးပြုနေကြပြီ ဖြစ်ပါသည်။

အလားတူ ဖွံ့ဖြိုးကိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ ကမ္ဘာ့မြို့ကြီးများတွင် မရှိမဖြစ်အရေးပါသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သော ခရီးသည်တင် Bus များအား အစားထိုးသုံးစွဲလာကြသည်မှာ EMU ခေါ် လျှပ်စစ်ရထားများ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း Tramway ခေါ် လျှပ်စစ်ကားရထားများကို အင်္ဂလိပ်အစိုးရလက်ထက် ၁၈၈၄ ခုနှစ် မတ်လ ၄ ရက်ကတည်းက စတင်ပြေးဆွဲ အသုံးပြုခဲ့သည်။ Rangoon Tramway Co;Ltd သည် မြန်မာ့လျှပ်စစ်ကားလုပ်ငန်း၏ အစဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင်လည်း ရန်ကုန်ကမ်းနားလမ်းပိုင်းအား Tramway ခေါ် လျှပ်စစ်ကားရထားဖြင့် အစားထိုးပြေးဆွဲခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ပြေးဆွဲပြီး မကြာမီ ၂၀၁၅ခုနှစ်ခန့်တွင် ရပ်တန့်သွားခဲ့ရပြန်သည်။ သို့သော်လည်း ၂၀၁၅ ခုနှစ်မှစ၍ မြန်မာ့မီးရထားသည် RBE တွဲဆိုင်းများနေရာတွင် DEMU ခေါ် လျှပ်စစ်နှင့် ဒီဇယ်နှစ်မျိုးသုံးစွဲသည့် ရထားများဖြင့် အစားထိုး ပြေးဆွဲရန် စတင်ဆောင်ရွက်ခဲ့သလို ယခုအခါ EMU ခေါ် လျှပ်စစ်အမြန်ရထားများဖြင့် အစားထိုး ဆောင်ရွက်နိုင်ရန်လည်း အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ရထားသွားလာရေးနှင့် ဝန်ဆောင်မှုများအား အဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိရာ မဝေးလှသောကာလတွင် (EMU) လျှပ်စစ်အမြန်ရထားများကို လက်ရှိရထားပြေးဆွဲမှုများနေရာတွင် အစားထိုး ပြေးဆွဲလာနိုင်တော့မည် ဖြစ်ပါသည်။

နိဂုံးချုပ်တင်ပြလိုသည်မှာ ကမ္ဘာကြီးအတွက် ဆိုးကျိုးဖြစ်စေနိုင်သော ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချနိုင်စေရန်အတွက်လည်းကောင်း၊ ရုပ်ကြွင်းလောင်စာဆီဈေးနှုန်းများ အဆမတန်မြင့်မားလာမှုကြောင့်လည်းကောင်း ကမ္ဘာ့အနှံ့အပြားတွင် အစိမ်းရောင်အသွင်ပြောင်းလဲမှု မြှင့်တင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အင်ဂျင်ကား ထုတ်လုပ်သော Toyota, Nissan စသည့် ဂျပန်ကားကုမ္ပဏီများသည် Volkswagen, Dacia, Polestar, BMW စသည့် နာမည်ကျော် မော်တော်ကားကုမ္ပဏီကြီးများကဲ့သို့ လျှပ်စစ်ကား(EV)များကို ပြောင်းလဲထုတ်လုပ်ရန် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပြီလည်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူများအနေဖြင့်လည်း ကမ္ဘာနှင့်တစ်ဝန်း ဖြစ်ပေါ်တိုးတက်နေသော အခြေအနေများကို မျက်ခြေမပျက်စေဘဲ နိုင်ငံတော်အတွက် တာဝန်ရှိသူများမှ ရေရှည်အကျိုးရလဒ်မျှော်၍ ဆောင်ရွက်လျက်ရှိသော လျှပ်စစ်ရထားနှင့် လျှပ်စစ်ကားလုပ်ငန်းများအား ပိုမိုဖွံ့ဖြိုးတိုးတက် အောင်မြင်လာစေရန် အားပေးကူညီဆောင်ရွက်ပေးကြမှသာလျှင် နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်၍ ပြည်သူတို့အဖို့ ကျန်းမာပျော်ရွှင်သောဘဝကို ရရှိပိုင်ဆိုင်နိုင်လာကြမည် ဖြစ်ပါကြောင်း စေတနာမှန်ဖြင့် တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။



# နိုင်ငံတကာ အားကစား သတင်းများ



## 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Arthur Fils တက်ရောက်

**ဟမ်းဘတ် ဇူလိုင် ၂၁**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Arthur Fils သည် 2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား Sebastian Baez အား ၆-၂၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Hamburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils နှင့် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## စပါးအသင်းက ကျူပီအာ အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၂၁**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် စပါးအသင်းနှင့် ကျူပီအာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပါးအသင်းက ကျူပီအာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စပါးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၄၁မိနစ်တွင် ဘစ်ဇူးမား၊ ပွဲချိန် ၈၇မိနစ်တွင် စကားလက်တို့က သွင်းယူပေးခဲ့သည်။

စပါးအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂၇ ရက်တွင် ဗစ်ဆဲလ်ကိုဘေးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**(အောက်ပုံ)**
**(NGB)**



## ဖရန်စစ္စကို ကာမာဒါ အေစီမီလန်အသင်းနှင့် ၂၀၂၇ခုနှစ်အထိ စာချုပ်သက်တမ်းတိုး

**မီလန် ဇူလိုင် ၂၁**

အေစီမီလန်အသင်းသည် အသင်း လူငယ် တိုက်စစ်မှူး ဖရန်စစ္စကို ကာမာဒါအား ၂၀၂၇ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၆)နှစ်အရွယ်ရှိ လူငယ် တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဖရန်စစ္စကို ကာမာဒါသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။



အေစီမီလန်အသင်းထုတ်ပြန်ချက်တွင် 'ဖရန်စစ္စကို ကာမာဒါအား စာချုပ်သက်တမ်းတိုးခဲ့ပါပြီ။ သူဟာ အနာဂတ်မှာ ထွန်းတောက်လာမယ့်သူတစ်ဦးဖြစ်လာဦးမှာပါ။ အသင်းရှိ ကစားသမားတွေကိုလည်း စာချုပ်သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ'ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ) (NGB)**

## လီနေးယိုရို မန်ချက်စတာယူနိုက်တက်အသင်းတွင် ကျောနံပါတ်(၁၅)ဂျာစီအား ဝတ်ဆင်ကစားခဲ့


**မန်ချက်စတာ ဇူလိုင် ၂၁**

နောက်ခံကစားသမားသစ် လီနေးယိုရို မန်ချက်စတာယူနိုက်တက်အသင်း၏ ရာသီကြိုခြေစမ်းပွဲတွင် စတင်ပါဝင်ကစားခွင့်ရရှိပြီး ကျောနံပါတ်(၁၅)ဂျာစီအား ဝတ်ဆင်ကစားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် လိုင်လီအသင်းမှ မန်ချက်စတာယူနိုက်တက်အသင်းသို့ ၂၀၂၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား လီနေးယိုရိုသည် လိုင်လီအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပြိုင်ပွဲစုံ ပွဲ ၆၀ ကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်ရှိ လီနေးယိုရိုက "ကျွန်တော် မန်ချက်စတာယူနိုက်တက်အသင်းလို ကြီးကျယ်ခမ်းနားဆုံးအသင်းမှာ ကစားခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းမှာ ကျောနံပါတ်(၁၅)ဂျာစီအား ဝတ်ဆင်ကစားခဲ့ပါတယ်။ ဒီအသင်းနဲ့အတူ လာမည့်ဘောလုံးရာသီမှာ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ယာပုံ)**
**(NGB)**




## ဘန်တိုအား အယ်လ်နာဆာအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၁**

ဆော်ဒီကလပ် အယ်လ်နာဆာအသင်းသည် ပါရာနန်စီအသင်း ဂိုးသမား ဘန်တိုအား ၂၀၂၇ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်းအတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဂိုးသမားသည် ပါရာနန်စီအသင်းနှင့်အတူ ၂၀၂၀မှ ၂၀၂၄အထိ ပြိုင်ပွဲပေါင်း ၁၆၄ပွဲကစားကာ အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်နာဆာအသင်းကခေါ်ယူခဲ့ခြင်းဖြစ်သည်။

အယ်လ်နာဆာအသင်းထုတ်ပြန်ချက်တွင် 'ဘန်တိုအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို များစွာပံ့ပိုးကူညီနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ'ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)(NGB)**



## ဂျာအိုဖီးလစ်အား ခေါ်ယူရန် ဘင်ဖီကာအသင်း ဆွေးနွေး

**မက်ဒရစ် ဇူလိုင် ၂၁**

ဘင်ဖီကာအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်း



ဂျာအိုဖီးလစ်ကိုယ်တိုင်က တိုက်စစ်မှူး ဂျာအိုဖီးလစ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက အက်သလက်တီကို မက်ဒရစ်အသင်းမှ ဘာစီလိုနာအသင်းသို့ အငှားဖြင့် သွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၄၄ပွဲကစားကာ ၁၀ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘင်ဖီကာအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

လည်း လက်ရှိအချိန် အက်သလက်တီကိုမက်ဒရစ်အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေခြင်းကြောင့် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည်။

ထို့ကြောင့် ဘင်ဖီကာအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အက်သလက်တီကိုမက်ဒရစ်အသင်းထံမှ ဂျာအိုဖီးလစ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)**
**(NGB)**

## မီလန်ကိုဗစ်အား နော်တင်ဟမ်ဖောရက်စ်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၁**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် ဖီအိုရင်တီးနားအသင်း နောက်ခံကစားသမား မီလန်ကိုဗစ်အား ငါးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် နော်တင်ဟမ်ဖောရက်စ်အသင်းတွင် ကျောနံပါတ်(၃၁)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား မီလန်ကိုဗစ်သည် ဖီအိုရင်တီးနားအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိပြိုင်ပွဲစုံ ၂၆၄ပွဲကစားကာ ၁၇ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်ဖောရက်စ်အသင်းသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ပြီးဖြစ်သည်။

**(အပေါ်ယာပုံ)**
**(NGB)**



### အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (အုပ်စု-ဂ)ပွဲစဉ်များ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၂-၇-၂၀၂၄ တနင်္လာနေ့ | မွန်းလွဲ ၂း၃၀နာရီ | ဘရူနိုင်း - ထိုင်း |
| ။ | ည၇း၀၀နာရီ | စင်ကာပူ - မလေးရှား |

## ဘီလီဂီလ်မော ဘရိုက်တန်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဇူလိုင် ၂၁**

ကွင်းလယ်ကစားသမား ဘီလီဂီလ်မော အသင်းတွင် ဆက်ရှိသွားမည်ဖြစ်ကြောင်း ဘရိုက်တန်အသင်းက အတည်ပြုခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို နာပိုလီအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဘရိုက်တန်အသင်းက ပယ်ချခဲ့သည်။

ကွင်းလယ်ကစားသမား ဘီလီဂီလ်မောသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈ပွဲကစားပြီး ခြေစွမ်းပြထားသည်။

ဘရိုက်တန်အသင်းထုတ်ပြန်ချက်တွင် 'ဘီလီဂီလ်မော အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်'ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ လပြည့်နေ့တိုင်း အရုဏ်ဆွမ်းလောင်းလှူ



**ညောင်ဦး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းမိသားစုများ လပြည့်နေ့တိုင်း အစဉ်အလာမပျက် အရုဏ်ဆွမ်းလောင်းလှူခြင်းကို ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်)နေ့ နံနက် ၇ နာရီက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ အရုဏ်ဆွမ်းကပ်လှူခြင်းနှင့် အရုဏ်ဆွမ်းလောင်းလှူခဲ့သည်။ **(အပေါ်ပုံ)**

ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်ဦးဆောင်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများမှ ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့) နံနက် ၆ နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်းကပ်လှူခြင်း၊ အရုဏ်ဆွမ်းလောင်းလှူခြင်းတို့အား ဆွမ်း၊ ကြက်သားကြော်၊ ငရုတ်သီးကြော်၊ ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်းများကို ဇေယျဝတီစာသင်တိုက်ရှိ သံဃာတော်များနှင့် ကျန်စစ်သားဥမင် စာသင်တိုက်ရှိ ဆရာတော်၊ သံဃာတော်တို့အား လပြည့်နေ့ နံနက်တိုင်း အစဉ်လာမပျက် အရုဏ်ဆွမ်းလောင်းလှူခဲ့ရာ ယနေ့ဝါဆိုလပြည့်နေ့တွင်လည်း အရုဏ်ဆွမ်း (၃၆) ကြိမ်မြောက် လောင်းလှူခဲ့ပြီဖြစ်ကြောင်း သံဃာအပါး ၈၀တို့အား ပုံမှန်လောင်းလှူခဲ့ပြီး ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် အရုဏ်ဆွမ်းလောင်းလှူခဲ့ကြောင်း သိရကာ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မိသားစုက နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စူဠာမဏိ မြတ်စွာဘုရားကိုလည်း ရွှေကြာသင်္ကန်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၄၈၁)**



## အခြေခံစက်ချုပ်နည်းသင်တန်း အခမဲ့ဖွင့်လှစ်

**ကျောက်ဆည် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ ရန်အောင်မြင်ဓမ္မာရုံတွင် အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး လုပ်ငန်းစီမံကိန်းအဖြစ် အခြေခံစက်ချုပ်နည်းသင်တန်းကို ယမန်နေ့ နံနက် ၁၀ နာရီက အခမဲ့ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခြေခံစက်ချုပ်နည်းသင်တန်းတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူက အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ အခြေခံစက်ချုပ်နည်းပညာနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ထူးချွန်သူ (၅)ဦးအားရွေးချယ်ကာ လုပ်ငန်းများထူထောင်နိုင်ရန် စက်ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂)ဦးအောင်သူနှင့် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက ကျေးရွာလုပ်ငန်းကော်မတီဥက္ကဋ္ဌထံသို့ စီမံကိန်းလုပ်ငန်းများနှင့်သင်တန်းသုံးစက်ကိရိယာပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းသူများမှ တစ်ဦးချင်းမိတ်ဆက်စကားများပြောကြားခဲ့ကာ စုပေါင်းမှတ်တမ်းများရိုက်ကူးခဲ့ကြောင်း သိရသည်။

အဆိုပါအခြေခံစက်ချုပ်နည်းသင်တန်းကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ အခမဲ့သင်ကြားဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး မွမ်းမံစက်ချုပ်နည်းသင်တန်းကို ဩဂုတ် ၂၁ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သမန္တလင်း၊ ကျားအိုကြီး၊ ကျားအိုလေး၊ မယ်ဇယ်တော၊ ဝမ်းသောင် ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## နိုင်ငံတကာရာမာယဏပွဲတော်သို့ သဘင်အနုပညာရှင်များ သွားရောက်ဖျော်ဖြေ

**မန္တလေး ဇူလိုင် ၂၁**

ထိုင်းဘုရင်မင်းမြတ်၏ (၇၂)နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ဇူလိုင် ၉ ရက်မှ ၁၆ ရက်အထိ ကျင်းပသော နိုင်ငံတကာရာမာယဏပွဲတော်သို့ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ သဘင်အနုပညာရှင်များ မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်တင်ဆက်ဖျော်ဖြေခဲ့ပြီး ဇူလိုင် ၁၇ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ရာမာယဏအနုပညာကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံသဘင်အစည်းအရုံးနာယက ဦးခင်ရွှေ (သီရိရာမ)၊ ရွှေမန်းဦးချမ်းသာ၊ အတွင်းရေးမှူး ဦးနေဝင်း၊ ဒေါ်ခိုင်သဇင်သင်းတို့က ကြီးကြပ်ပေးပြီး ရာမအဖြစ် လဝန်းအောင်၊ လက္ခဏအဖြစ် ကြိုးစားမှုနှင့် ဝီရိယမင်းသား ဝင်းနောင်၊ ဒသဂီရိအဖြစ် ဇော်ဦး၊ ရွှေသမင်အဖြစ် ဒုံယောင်ဖူးကျော်၊ သီတာဒေဝီအဖြစ်ငြိမ်းချမ်းခိုင်၊ ဆုပိုပိုအောင်၊ ကျွဲဘီလူးအဖြစ် လှိုင်ဘွားအောင်၊ သုကျိတ်အဖြစ် သိဒ္ဓိအောင်၊ ဂမ္ဘီအဖြစ် ဟိန်းသန္တာစိုး၊ အထိန်းတော်အဖြစ်ဇင်မာအောင်၊ ဆိုင်း သီရိမောင်မောင်၊ တေးသံရှင် မေ့ချစ်သက်တို့ ပါဝင်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**(ယာပုံ) (၀၄၅)**





## အသက် ၇၅ နှစ်အထက် သက်ကြီးခြင်းပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

သက်ကြီးခြင်းပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဝါဆိုလပြည့်နေ့ နံနက် ၈နာရီတွင် ဝါဆိုခြင်းပွဲတော်ကျင်းပရေးကော်မတီနှင့် ခြင်းဝါသနာရှင်များက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

မဟာမုနိဘုရားကြီး (၉၅) ကြိမ်မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော် သက်ကြီးခြင်းပညာရှင်ကြီးများအား ခြင်းဝါသနာရှင်များ စုပေါင်းကျင်းပသော (၃၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံခြင်းပညာရှင်ကြီး ၇၄ ဦးကို ပူဇော်ကန်တော့ခဲ့ရာ ကန်တော့ခံများအား ငွေကျပ် ၅၅၀၀၀ နှင့်အတူ ကန်တော့ပစ္စည်းများဖြင့် ကန်တော့ခဲ့ခြင်း ဖြစ်သည်။

"ဝါဆိုလပြည့်နေ့ နံနက်ပိုင်းမှာ သံဃာတော်များကို ဝါဆိုသင်္ကန်းကပ်လှူပြီး သက်ကြီးပူဇော်ပွဲကို အသက် ၇၅ နှစ်နှင့်အထက် ခြင်းပညာရှင် ၇၄ ဦးကို ကန်တော့ခဲ့ပါတယ်။ ကန်တော့ခံခြင်းဆရာကြီးတွေကို ကန်တော့ငွေနဲ့ ကန်တော့ပစ္စည်းများနဲ့ ခြင်းဝါသနာရှင်များက နှစ်စဉ်ကန်တော့လာတာဒီနှစ်က (၃၄)ကြိမ်မြောက်ပါ" ဟု ဦးဇော်မောင်မောင်မြင့်က ပြောသည်။

ဝါဆိုလပြည့်ကျော် ၁ ရက်တွင် မဟာမုနိဘုရားကြီးတွင် ရွှေသင်္ကန်းနှင့် အလှူငွေများဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပွတ်စုကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမိုးသွယ်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော အသေးစား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄ ဒသမ ၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သပွတ်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသည့် စီမံကိန်းအသင်းသား၊ အသင်းသူ ၁၁၃ ဦးကို ရန်ပုံငွေကျပ် ၅၄ ဒသမ ၁ သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၄၅)**



# အမှတ်(၁၀)အထကကျောင်းရုံးခန်းအတွက် ကွန်ပျူတာနှင့် ကာလာပရင်တာဝယ်ယူရန် ငွေလှူဒါန်း

**မန္တလေး ဇူလိုင် ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း (ဒိုင်အိုစီဇင်သံတဲအထက်တန်းကျောင်း) ကျောင်းရုံးခန်းအတွက် ကွန်ပျူတာနှင့် ကာလာပရင်တာ ဝယ်ယူရန်ငွေလှူဒါန်းပွဲကို ဇူလိုင် ၁၈ရက် နံနက် ၁၁ နာရီက အောင်မြေသာစံမြို့နယ်၊၂၂လမ်းနှင့် ၈၆လမ်းထောင့်ရှိ အမှတ်(၁၀)အ.ထ.က မြနန္ဒာခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်နှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားတွင် နေထိုင်သော စေတနာအလှူရှင်များ ကိုယ်စား ဦးကျော်ဆန်း(ဟိန်းရာဇာကုမ္ပဏီ)၊ ဦးတင်နိုင်စိုး (မျိုးထွန်းကဖေး)၊ ဦးသန်းထွဋ် (ကျောက်မဲလက်ဖက်ခြောက်)တို့မှ ပထမအကြိမ်အဖြစ် ငွေကျပ် ငါးသိန်းကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးကျော်နိုင်မင်းနှင့် ဘဏ္ဍာရေးမှူး ဦးအောင်မြင့်စိုးတို့က လက်ခံရယူပြီး ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄၅)**






# ရတနာပုံတက္ကသိုလ်၌ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဝါတွင်းဥပုသ်သီလပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရတနာပုံတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပသည့် (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ပါမောက္ခချုပ်၊ဒုတိယပါမောက္ခချုပ်များ အမှူးပြုသော စီမံဝန်ထမ်းများ၏ ဝါတွင်းဥပုသ်သီလခံယူဆောက်တည်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက ရတနာပုံတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပင့်ဖိတ်ထားသော သံဃာတော် ၁၁ပါးနှင့် ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာ သွယ်လင်းကို၊ ဒေါက်တာ ဦးခင်မြို့၊ ဒေါက်တာ ခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူ များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသထံမှ ပါမောက္ခချုပ် အမှူးရှိသော အလှူရှင်ဒေဉ့်ပရိသတ်များက ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး ဝါဆိုသင်္ကန်း၊ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် မဟာနာယကဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသက အနုမောဒနာတရားချီးမြှင့်ခဲ့ပြီး အလှူရှင်ဒေဉ့်ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေ၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၈၂)**

*-*-*-*-*

# သရက်မြို့နယ် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား သွေးတိုးရောဂါ၊သွေးချိုဆီးချိုရောဂါ၊နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။**(ယာပုံ)**

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



# မိုင်းယောင်းမြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**မိုင်းယောင်း ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် တပ်နယ်နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မြို့နယ်အတွင်း ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများအား အပတ်စဉ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပုဗ္ဗဝိဇယစေတီတော်၊ အ.မ.က(ပုံချိုနီး)၊ အ.မ.က (၃၃၄)၊ မူလွန်(ဝမ်မန်း)ကျောင်းတို့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သားများ၊ ထွေ/အုပ်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ဆရာမများ၊လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ပင်အောက်တက်များ ရှင်းလင်းခြင်း၊ အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်း အလင်းဖွင့်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းအတွင်းရှိ အမှိုက်နှင့် မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်း၊ သစ်ရွက်ခြောက်ကြွေများ၊ သဲ၊ ခဲများ လှည်းကျင်းရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။



အဆိုပါ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဇော်မင်းဆွေနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမရပူရမြို့နယ်ရှိ တောင်သမန်ကန်နှင့် ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူများပြား၍ ကူညီကယ်ဆယ်ရေးစောင့်ကြပ်

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကန်နှင့် ဦးပိန်တံတားသို့ ဇူလိုင် ၁၉ရက်(အာဇာနည်နေ့)နှင့် ၂၀ ရက်(ဝါဆိုလပြည့်နေ့)၊ ကျောင်း၊ ရုံး၊ဈေးပိတ်ရက်များတွင် ဧရာဝတီမြစ်ရေတက်၍ တောင်သမန်ကန်ရေပြည့်ချိန် လာရောက်ကြည့်ရှုသူများ၊ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားခဲ့သည်။

တောင်သမန်ကန်နှင့် ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူများသည် ရေတက်ချိန် လှေများ အစုအဖွဲ့လိုက်စီးနင်းခြင်း၊ ကန်စပ်တွင်ဘောကွင်းများဖြင့် ရေကစားခြင်း၊ ဦးပိန်တံတားပေါ်တိုးဝှေ့သွားလာကြရာ မတော်တဆမှုများဖြစ်ပေါ်ပါက အချိန်မီကူညီကယ်ဆယ်နိုင်ရေးအတွက် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့မှ ရေပြင်ကယ်ဆယ်ရေးအဖွဲ့ဝင် ၁၂ဦး၊ ရေယာဉ်(Speed boat) သုံးစီးကို ဦးပိန်တံတားတစ်ဖက်စီ ရေပြင်တွင်လည်းကောင်း၊ ကုသိုလ်ပြုအဖွဲ့ဝင် ရှစ်ဦးဖြင့် အရေးပေါ်လူနာတင်ယာဉ်နှစ်စီးကို ဦးပိန်တံတားထိပ် နှစ်ဖက်တွင်လည်းကောင်း ကူညီရန်စောင့်ကြပ်ပေးခဲ့သည်။




အရေးပေါ်လိုအပ်ပါက မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းရုံး)ဖုန်း ဝ၉-၇၆၇၁၁၉၁၁၉နှင့် ဝ၉-၄၄ဝ၁၁၉၁၁၉ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၄၅)**

ဝတ္ထုတိုကဏ္ဍ

# အမေ နှစ်ယောက်

မိုးနွေ

/မြိုင်ပန်း/



ကျွန်တော်က ခြောက်တန်း ညီလတ် ညွန့်လှိုင်က လေးတန်းအရွယ်တုန်းက ညီအငယ်ဆုံးရဲ့ ကိုယ်ဝန်အရင့်အမာရှိနေစဉ်က ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို ကျောင်းသွားကာနီး အမေက သနပ်ခါးလိမ်းပေးနေရင်း ပြောပြလေ့ရှိတဲ့ နေ့စဉ် စကားလေးတစ်ခွန်းရှိခဲ့ပါတယ်။ ‘အမေ့သား ညီအစ်ကိုနှစ်ယောက်လုံး စာကြိုးစားကြနော်၊ ဒါမှ ဘွဲ့ရပညာတတ်တွေဖြစ်ရင် လေယာဉ်မောင်းတို့၊ ဆရာဝန်တို့ဖြစ်နိုင်မှာ ဟော ဒီဗိုက်ထဲက ကလေးလေးကိုတော့ အင်ဂျင်နီယာကြီးဖြစ်အောင် အမေက ကြိုးစားခိုင်းမယ်’ လို့ အမေ့ရဲ့ ရင်ထဲက ဆန္ဒကို ထုတ်ပြောလေ့ရှိပါတယ်။

ရပ်ကွက်ထဲက အသိတွေကမေးရင်လည်း ဒီအတိုင်းပဲ ပြန်ပြောလေ့ရှိပါတယ်။ အဲဒီအချိန်က ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က မိစုံ ဖစုံနဲ့ ရန်အောင်ဘုန်းကြီးကျောင်းမှာ ရှင်ပြုမင်္ဂလာ အလှူပေးပြီး ကိုရင်စည်းခွင့်ရခဲ့ပြီးကြပါပြီ။ အငယ်ဆုံးညီလေးမွေးလာတဲ့အချိန်ကစပြီး ကျွန်တော်တို့ မိသားစု ပြိုကွဲဖို့ စဖြစ်လာပါတော့တယ်။ ညီအငယ်ဆုံးမွေးနေချိန် မီးတွင်းထဲမှာ အဖေ့ရဲ့ သတင်းဆိုးကြောင့် အမေ သွေးတက်ကာ မူးလဲသွားခဲ့ရှာပါတယ်။ ညီငယ်မွေးပြီးကာစ မီးတွင်းထဲမှာ တစ်ရက်အရ အဘွား ဒေါ်အေးစိန်ရဲ့တူမ အဘွားတို့အိမ်မှာလာပြီး အရေးကြီးသုတ်ပြာနဲ့ မဆင်မခြင် ပြောလိုက်မိတဲ့စကားက ‘အဒေါ် …အဒေါ်ရဲ့ သားမက် ကိုချစ်မောင် အထက်မှာ နောက်မိန်းမ ရနေပြီတဲ့။ ကျွန်မ ဂေါဝိန်သင်္ဘောဆိပ်က အသိတစ်ယောက်ဆီကနေ ကြားခဲ့ရတာ’ လို့ ပြောတော့ အဘွားက ‘ရှူးတိုးတိုး ခင်သန်းမွေးနေပြီ ယောက်ျားလေးပဲအေ့ သူတို့အိမ်က မိုးမလုံလို့ ငါ့အိမ်အောက်မှာ မနေ့ညကလာမွေးတာ လက်သည်က ကြီးတော်ရွှေပါပဲအေ’ လို့ ပြောတော့မှ မ …လည်း ပါးစပ်ကိုလက်နဲ့ပိတ်ပြီး ‘ဟော့တော် မသိလို့ပါ အဒေါ်ကန်တော့နော် ကန်တော့ ကန်တော့ ဒါဆို ကျွန်မပြန်ဦးမယ် မီးထွက်မှလာခဲ့ဦးမယ်’ ဆိုကာ ပြန်သွားပါတယ်။

အမှုမဲ့ အမှတ်မဲ့ ပြောလိုက်တဲ့စကားကြောင့် အမေ့ခမျာမှာ မူးလဲပြီး သတိမေ့သွားရှာပါတယ်။ လက်သည်ကြီးတော်ရွှေက ‘ကောင်မ စောက်မှန်းကမ်းမှန်းကို မသိဘူး မအေးစိန် တော့သမီး မူးလဲသွားပြီ။ စမုန်နက် နမ်းထုပ်ယူခဲ့ပါဦး’ လို့ပြောကာ အမေ့ကို ‘ဟဲ့ …ခင်သန်း …ခင်သန်း သတိထား သတိထား ကောလာဟလ စကားတွေမယုံနဲ့ မယုံနဲ့ ခင်သန်း …ခင်သန်း’ လို့အော်ပြီး အမေ့ကို ခြေမတွေချိုး ဇက်ကြောတွေနှိပ်ပေးကာ ပခုံးကို ကိုင်လှုပ်ပေးနေရှာပါတယ်။ ခဏနေတော့ အဘွား ဒေါ်အေးစိန်ယူလာတဲ့ စမုန်နက် နမ်းလျော်ထုပ်လေးကို အမေ့ရဲ့ နှာခေါင်းဝမှာတေ့ပြီး ‘ရော့ ခင်သန်း ရှူလိုက် ရှူလိုက် အားရပါးရ ရှူချလိုက် သတိထား သတိထား သွေးနသားနနေတာနော်။ သတိလက်မလွှတ်စေနဲ့ သတိထား’ ဆိုပြီး အမေ့ရဲ့ ဒကောက်ကွေးကြောကို နှိပ်ချလိုက်တော့မှ အမေ သတိပြန်လည်လာပါတယ်။ ပါးစပ်ကလည်း ‘အမေ … အမေ ကယ်ပါဦး သမီးတို့မိသားစုတော့ ဒုက္ခရောက်ပါပြီ အမေရယ်။ လုပ်ရက်လိုက်တာ ကိုချစ်မောင်ရယ် လုပ်ရက်လိုက်တာ ရှိသမျှရွှေ၊ ငွေ၊ လှည်းနွားတွေလည်းကုန် ကျုပ်တို့ သားအမိ လေးယောက် ဒုက္ခရောက်ပါပြီတော့’ လို့ အော်ငိုပြီး ပြန်သတိလစ်သွားရှာပါတယ်။

ခဏနေ အမေ သတိပြန်ရလာတော့ အမေက အဘွားကို ‘အမေ …အမေ သင်္ဘောဆိပ်မှာ ကိုချစ်မောင် ပြန်ရောက်နေပြီတဲ့။ အမေ့သား ဝင်းသောင်းကို မြင်းလှည်းနဲ့သွားအကြို ခိုင်းပေးစမ်းပါနော်’ လို့ ပြောတော့ အဘွားက ‘အေးပါသမီးရယ် ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ကြားလား။ အမေ သွားကြိုခိုင်းပေးမယ်။ တစ်ရေးအိပ်လိုက်ဦး’ လို့ပြောကာ အခန်းအပြင်ဘက်ကို ထွက်လာတော့ အဘွားရဲ့ ကျနေတဲ့ မျက်ရည်တွေကို တဘက်နဲ့သုတ်ရင်း လက်သည်ကြီးတော်ရွှေကို ‘ကျုပ် သမီးလေးတော့ ရေတိမ်နစ်ပြီနဲ့ တူပါတယ်တော်’ လို့ပြောကာ တရှုံ့ရှုံ့ ငိုကာ ခြံအပြင်ဘက်ကို ထွက်သွားပါတယ်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လည်း အဲဒီနေ့ကစပြီး ကျောင်းမသွားရတော့ပါ။

အဲဒီအချိန်ကစပြီး အမေ့မှာ စိတ္တဇဝေဒနာသည်ဘဝ ရောက်ခဲ့ရသလို ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်လည်း ကျောင်းလွယ်အိတ်ကို သိမ်းထားခဲ့ရတော့တာပါပဲ။ အမေ့ရဲ့ ကျန်းမာရေးက တစတစ ဆိုးရွားလာချိန်ဆိုတော့ မိသားစုသုံးယောက်ရဲ့ စားဝတ်နေရေးကို သားကြီးဖြစ်တဲ့ ကျွန်တော်က အမေ့နားမှာ စောင့်ရှောက်ရင်း ကြုံရာကျပန်းငွေရတဲ့ အလုပ်မှန်သမျှ ရှာဖွေလုပ်ကိုင်ခဲ့ရပါတော့တယ်။ အဲဒီအချိန်က ကျွန်တော့်ရဲ့အသက်က ၁၅နှစ်ကျော်ကျော်ပဲ ရှိပါသေးတယ်။ ညရောက်ရင် ရပ်ကွက်လုံခြုံရေး မီးကင်းမှာ တစ်ညကို တစ်ကျပ် ပြား ၅၀နဲ့ ကင်းစောင့်၊ နေ့ကျတော့ ဘကြီး ဦးထိန်ဝင်းရဲ့ အိမ်ဆောက်လက်သမားအဖွဲ့ထဲမှာ သစ်သားထမ်း၊ ပစ္စည်းပေး၊ ရွှေကော်ထိုး စတဲ့ အိမ်ဆောက်လက်သမား ပညာသင်ရင်း ဘဝကို ရုန်းကန်ခဲ့ရပါတယ်။ မိသားစု စားရေးကိုတော့ အဘွားတို့ဆီမှာပဲ ပေါင်းစားခွင့်နဲ့ အဘွားတို့က အမေ့ကိုစောင့်ရှောက်ရင်း လက်သမားလုပ်အားခကို အဘွားတို့ဆီမှာပေးပြီး ညကင်းစောင့်ရတဲ့ငွေကိုတော့ အမေ့အတွက် ဆေးကုဖို့ စုဆောင်းထားရပါတယ်။

အငယ်ဆုံးညီ ၁၀လသားလောက်မှာ နာမည်ကို အဘိုးက ညွန့်နိုင်လို့ မှည့်ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ အဖေလည်း ငွေတစ်ပြားတစ်ချပ်မှ ပါမလာဘဲ အိမ်ကို ပြန်ရောက်လာပါတယ်။ အမေကတော့ အဖေ့ကို လုံးဝမမှတ်မိတော့ပါဘူး။ ကျွန်တော်က ‘အမေ ဒါအမေ့ယောက်ျား သားတို့အဖေ ဦးချစ်မောင်လေ’ လို့ပြောတော့ အမေက ‘အမလေး ခေါင်းဖြူအဘိုးကြီးကို ငါ့ယောက်ျားတဲ့ ဟီဟီ ကိုချစ်မောင်ကြားရင် အရိုက်တောင်ခံနေရဦးမယ် … ဟား ဟား ဟား’ လို့ရယ်ကာ ကလေးကိုတောင် အချီမခံပါဘူး။ အဲဒီအချိန်မှာ အိမ်ရှေ့ကနေ ဂေါဝိန်သင်္ဘောဆိပ်ကို ကုန်ပို့သွားတဲ့ နွားလှည်းတစ်စီး ဖြတ်သွားတော့ ‘ဟိုး …ဟိုး’ ဆိုပြီး ကလေးကို ခါးတင်ခွချီကာ ‘ဒီမှာ ကိုအဝ့ါ သင်္ဘောဆိပ်ရောက်လို့ ကိုချစ်မောင်ကိုတွေ့ရင် အိမ်ပြန်လွှတ်လိုက်စမ်းပါတော်’ လို့ပြောတော့ နွားလှည်းဆရာက အဖေ့ အသိဆိုတော့ ချော့လဲရောထိုင်ပြီး ‘အေးပါ မခင်သန်းရေ ပြန်လွှတ်လိုက်မယ်နော် မလိုက်ခဲ့နဲ့ လမ်းလွဲနေမှာစိုးလို့’ လို့ အလိုက်အထိုက် ချော့ကာပြန်ပြောလိုက်ပါတယ်။

ကြာတော့ အဖေလည်း အလုပ်အကိုင်မရှိ ဝင်ငွေမရှိ ကြုံရာမရဖြစ်နေချိန်မှာ ရွာက မိဘတွေ မရှိကြလို့ မိဘတွေရဲ့ တောင်ယာလုပ်ငန်းနဲ့ နွားကျောင်း နွားနို့ညှစ်လုပ်ငန်းတွေကို ညီမဖြစ်သူ ဒေါ်ဥက်ထော် တစ်ယောက်တည်းမနိုင်တော့ ညီငယ်ညွန့်နိုင်ကိုခေါ်ပြီး ချောင်းပေါက်ရွာကို အပြီးထွက်သွားပါတော့တယ်။ ညီငယ်ကိုလည်း ဒေါ်ဥက်ထော်ဆီမှာ မွေးစားဖို့ ပေးလိုက်ပါတော့တယ်။ ကျွန်တော်တို့မိသားစုလည်း နှစ်ခြမ်းကွဲသွားပါတော့တယ်။ အဲဒီအချိန်ကစပြီး အမေ့မှာ စိတ္တဇရောဂါဝေဒနာရှင်ဘဝကို ရောက်သွားပါတော့တယ်။ နောက် ခုနစ်နှစ်လောက်အကြာမှာတော့ ဒေါ်ဥက်ထော် ညီငယ်ညွန့်နိုင်ကိုခေါ်ပြီး ရှင်ပြုပေးဖို့ ပရိက္ခရာနဲ့ လှူဖွယ်ပစ္စည်းတွေဝယ်ရင်း ကျွန်တော်တို့နေတဲ့ အိမ်ရှေ့လမ်းရဲ့ အရှေ့ဘက်တည့်တည့်က အိမ်ကို အလည်လာတော့ အိမ်ဘက်ကို ခဏဝင်လာပါတယ်။ အဲဒီတုန်းက ကျွန်တော်က ဧရာဝတီသင်္ဘောကျင်းမှာ အလုပ်ဝင်လုပ်နေတော့ မတွေ့လိုက်ပါ။ အဘွားတို့တောင်မှ ခဏပဲ တွေ့ရတယ်လို့ အဘွားက ပြောပါတယ်။

နေ့လယ် ကျွန်တော် ထမင်းစားပြန်တော့ အဘွားက ခုလို ပြောပြပါတယ်။ ‘မနက်က မင်းညီ ညွန့်နိုင်နဲ့ မဥက်ထော်အရှေ့ဘက်ကို အလည်လာရင်း ဒီအိမ်ဘက်ကို ခဏဝင်သွားသေးတယ်’ လို့ ပြောတော့ ကျွန်တော်က ‘အမေနဲ့ တွေ့မသွားဘူးလား’ လို့မေးတော့ ‘တွေ့သားပဲ မင်းအမေက လုံးဝမမှတ်မိရှာပါဘူးကွယ် မင်းညီကလည်း သူ့အမေကိုကြောက်လို့ သူ့မွေးစားအမေ မဥက်ထော်ရဲ့ ကိုယ်နဲ့ကာပြီး မဥက်ထော် လက်မောင်းကိုင်ကာ အိမ်ထဲကိုဝင်လာတော့ မင်းအမေက ‘အမေတို့ အဖေတို့ရေ ဧည့်သည်တွေလာနေတယ်ဗျို့’ လို့ အော်ပြောရင်း သူ့ခေါင်းကို အုန်းဆီလိမ်း နေပူစာလှုံနေလေရဲ့ကွယ် ကြည့်ရတာ မဥက်ထော်ရော သူ့သားကိုပါ တစ်ယောက်မှ မမှတ်မိရှာလောက်ဘူး။ ငါ့သမီးလေး ဘဝဆုံးသွားရှာပါပြီကွယ်’ လို့ပြောရင်း မျက်ရည်ကျလာတာနဲ့ ကျွန်တော်က ‘ညီလေးညွန့်နိုင်က သိသွားပြီဆိုတော့ နောက်ကျ ခဏ ခဏအလည်လာရင်းနဲ့ ပြန်သတိရမှာပါ အဘွားရယ်’ လို့ ချွေးသိပ်ခဲ့ရပါတယ်။

ဒါကတော့ လွန်ခဲ့တဲ့ အတိတ် အနှစ် ၂၀ က ကျွန်တော်တို့မိသားစုရဲ့ ဘဝကံကြမ္မာလေးပေါ့ဗျာ။ ခုဆိုရင် ညီအငယ်ဆုံးညွန့်နိုင်က အမေဖြစ်စေချင်တဲ့ ဘွဲ့ရပညာတတ်ကြီး ဖြစ်နေပြီး ကျွန်တော်တို့ သင်္ဘောကျင်းအထွေထွေ(ဘာဟီရ)ဌာနမှာ ကျွန်တော် အလုပ်သွင်းပေးထားခဲ့ပါတယ်။ အလတ်ကောင် ညွန့်လှိုင်ကိုလည်း ဧရာဝတီသင်္ဘောကျင်းမှာ အလုပ်သွင်းပေးထားခဲ့ပေမယ့် သူဝါသနာပါတဲ့ ကိုယ်ပိုင်တွင်ခုံ၊ ဘိုင်စမန်၊ သံပန်းသံတံခါးလုပ်ငန်းတွေ အပြင်မှာ ထွက်လုပ်နေပါတယ်။ ညီငယ်က ဧရာဝတီ သင်္ဘောကျင်းကို ချောင်းပေါက်ရွာကနေ မနက်သွား ညနေပြန် ဖြတ်ကူးတို့ကနေလာပြီး အလုပ်လုပ်နေပါတယ်။ အဲဒီအချိန်က ဖြတ်ကူးတို့ငှက်(လှေ)တွေက ၁၅မိနစ် တစ်စီးလောက် ဝင်ထွက်နေတော့ မနက် ၇ နာရီ အလုပ်ဝင်ချိန်ကို မီပါတယ်။

တစ်ရက် ပတိုင်းသင်္ဘောကို ရေယက်ပြား တပ်ဖို့ တာဝန်ကျတာနဲ့ သူတို့အဖွဲ့ ရေယက်ပြား အသစ်တွေ လာချပေးပြီး ရေယက်ပြားအကျိုးအဟောင်းတွေ စက်ရုံပေါ်ကို ပြန်တင်ဖို့လုပ်နေတုန်း ကျွန်တော်က ‘ငါ့ညီ အစ်ကိုနဲ့စကားပြောရအောင် တက်မစင်ပေါ်လိုက်ခဲ့နော်။ ထမင်းစားနားဖို့ စောပါသေးတယ်ကွာ’ လို့ပြောပြီး ညီအစ်ကိုနှစ်ယောက် သင်္ဘောတက်မစင်ပေါ် တက်ခဲ့ကြပါတယ်။ ကျွန်တော်က ‘အဒေါ် ဒေါ်ဥက်ထော်ကော နေကောင်းလား’ လို့မေးလိုက်တော့ သူက ‘အမေ နေကောင်းပါတယ် …ဒါနဲ့ အဘွားကြီးကော နေကောင်းသွားပြီလား’ လို့ ပြန်ပြောတော့ ကျွန်တော်ရဲ့ ရင်ထဲမှာ အတော့်ကို နာကျင်စွာခံစားလိုက်ရပါတယ်။ ကျွန်တော့်ရဲ့ စိတ်ထဲမှာ ‘ဩော် ငါ့ညီရယ် အမေရင်းကိုတော့ အဘွားကြီးတဲ့ မွေးစားတဲ့အဒေါ်ကျတော့ အမေတဲ့’ ရက်စက်လိုက်တာ။ အင်းလေ မွေးစားအမေကို တောင် ဒီလောက်ချစ်နေတာ အမေရင်းဆိုရင် ဒီထက်ပိုချစ်ရှာမှာပါလေ’ လို့တွေးကာ ဖြေသိမ့်လိုက်မိပါတယ်။ ကျွန်တော်ကပဲ ‘ငါ့ညီ မင်းမှာ အမေ နှစ်ယောက်ရှိတယ်ဆိုတာတော့ မမေ့နဲ့နော်။ အစ်ကို ပြောပြမယ် ပထမအမေက သူ့အသက်ခန္ဓာကိုယ်နဲ့ စိတ်တွေရင်းပြီး မွေးပေးခဲ့တဲ့ မွေးမေမေ ဒေါ်ခင်သန်းနော်။ ဒုတိယအမေက ကျွေးမေမေ ဒေါ်ဥက်ထော် ငါ့ညီက ကုသိုလ်ထူးတာပဲ ဘာပြုလို့လဲ ဆိုတော့ ကျေးဇူးပြန်ဆပ်ဖို့ အမေနှစ်ယောက်တောင် ရှိနေတာမို့ပေါ့ကွာ။ သေချာမှတ်ထားနော်။ ပထမ အမေဆိုရင် မင်းမမွေးခင် သူ့ဗိုက်ထဲမှာ ရှိနေစဉ်ကတည်းက အစ်ကိုတို့ ညီအစ်ကို နှစ်ယောက်ကို အမြဲပြောလေ့ရှိတယ်။ ဟောဒီဗိုက်ထဲက ကလေးက ယောက်ျားလေးဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် အမေက အင်ဂျင်နီယာကြီးဖြစ်အောင် စာကြိုးစားခိုင်းမှာတဲ့။ ငါ့ညီရဲ့ ရုပ်တွေ ခန္ဓာကိုယ်တွေကို မမြင်ရခင်ထဲက မင်းအပေါ်မှာ ဘယ်လောက်ချစ် ဘယ်လောက်ရည်ရွယ်ချက်ကြီးခဲ့လဲ မင်းစဉ်းစားကြည့်နော်။ ဒုတိယအမေ့ကို ကြည့်ဦးမလား ငါ့ညီကို ဘယ်လောက်ချစ်ခဲ့သလဲ ဆိုရင် ငါ့ညီလမ်းလျှောက်တတ်တဲ့ အရွယ်တုန်းက ရွာထဲမှာရှိတဲ့ခွေးတွေ ငါ့ညီကို ကိုက်ဖို့နေနေ သာသာ ဟိန်းလားဟောက်လားလုပ်လို့ အိမ်ကို ငါ့ညီငိုပြန်လာရင် ရွာထဲမှာရှိတဲ့ခွေးတွေ တွေ့သမျှ ဓားမနဲ့လိုက်ခုတ်ခဲ့တယ်လို့ အစ်ကိုကြားဖူးခဲ့တယ်။ နောက်ပြီး ငါ့ညီကျောင်းနေစအရွယ် မွေးစားအမေနဲ့ ကျောက်တာရွာထဲကို အကြော်လိုက်ရောင်းရင်း ခွေးတစ်ကောင်က ငါ့ညီခြေသလုံးကို ဟက်လိုက်လို့ ရွာထဲက လမ်းမှာတွေ့သမျှ ခွေးတွေကို တုတ်တစ်ချောင်းနဲ့ လိုက်ရိုက်ခဲ့တယ်လို့ ကျောက်တာရွာက အစ်ကို့မိတ်ဆွေ တစ်ယောက်ပြောပြဖူးတယ်။ နောက်ပြီး ငါ့ညီကို ဘွဲ့ရပညာတတ်ကြီး ဖြစ်အောင် သူ့မှာရှိတဲ့ ငွေကြေးနေဥစ္စာတွေ တက်တက်ပြောင်အောင်ထိ ကြိုးစားကျောင်းထားပေးခဲ့တဲ့ ကျေးဇူးတွေက အများကြီးနော်။ အဲဒီတော့ မွေးပေးခဲ့တဲ့အမေရယ် ကျွေးမွေးပြုစုစောင့်ရှောက်လာတဲ့အမေရယ် အမေနှစ်ယောက်ကိုတော့ ကျေးဇူးဆပ်ဖြစ်အောင်ဆပ်နော် ကြားလား’ လို့ ဆုံးမလိုက်တော့ ‘ဟုတ်ကဲ့ပါ ကျေးဇူးဆပ်နိုင်အောင် ကျွန်တော် ကြိုးစားပါ့မယ်’ လို့ ကတိပေးတော့ ကျွန်တော်က ‘ငါ့ညီရဲ့ ရည်ရွယ်ချက် ဆုံးဖြတ်ချက်တွေက မှားနေတယ်။ တကယ်ဆို ကျေးဇူးဆပ်ပါ့မယ်လို့ ကတိပေးရမှာကွယ့်’ လို့ ပြောတော့ မျက်နှာကြီး အောက်ငုံ့ကာ စပ်ဖြဲကြီး လုပ်နေပါတော့တယ်။

မကြာပါ …ကျွန်တော့်ညီ အိမ်ထောင်ကျသွားပါတယ်။ အိမ်ထောင်ကျပြီဆိုတော့လည်း လက်ရှိမိသားစုဘဝရပ်တည်ဖို့ စားဝတ်နေရေးတွေ ကြိုးစားနေရတာနဲ့ မွေးအမေဆီရော၊ ကျွေးအမေဆီပါ မရောက်နိုင်တော့ပါ ကျေးဇူးဆပ်ခွင့်လဲ မကြုံရှာတော့ပါ။ ‘ဇဗ္ဗုဒီပါလကျော်ဘောင်ကျွန်း ဩဘာနမိတ်ထွန်း’ ဆိုတဲ့ အတိုက်တဘောင်နဲ့ အမေ့ရဲ့ ဆန္ဒအရ အမေ့ရဲ့ဗိုက်ထဲက အငယ်ဆုံးကလေးက မုံရွာအခြေဆိုက် ဧရာဝတီ သင်္ဘောကျင်း(ဌာနခွဲ)မှာ ဒုတိယအင်ဂျင်နီယာမှူးဘဝနဲ့ တိုင်းပြည်တာဝန်ကို ထမ်းဆောင်သွားခဲ့တာကို မသိရဘဲ အမေက (၂၁-၂-၂၀၁၂)ရက် အသက် (၇၇)နှစ်မှာ ဘဝတစ်ပါးသို့ ပြောင်းသွားရှာခဲ့ပါတယ်။

အမေနှစ်ယောက်ရှိခဲ့ပြီး အမေ နှစ်ယောက်ရဲ့ ကျေးဇူးတွေကို ပြန်မဆပ်နိုင်ခင် အသက် (၄၈)နှစ် အရွယ် ၂၀၁၄ ခုနှစ်မှာပဲ မုံရွာမြို့မှာ ကွယ်လွန်သွားခဲ့တဲ့ ကျွန်တော့်ညီအငယ်ရဲ့ ဘဝကလည်း ရင်နာစရာအဖြစ် ခံစားရတာကတော့အမှန်ပါ။ အမေနဲ့ ညီငယ် နောင်ဘဝတွေမှာ ပြန်လည်တွေ့ဆုံနိုင်ကြပြီး ကောင်းရာသုဂတိရောက်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

## စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဥတ္တရသီရိ ဇူလိုင် ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်၌ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက စာပေဖတ်ရှုသည့် အလေ့အထကောင်းများ တိုးပွားရရှိကာ စာဖတ်ရှိန် မြင့်မားပြီး အသိပညာဗဟုသုတများ ဖလှယ်ဆွေးနွေးနိုင်ရေး ရည်ရွယ်ကာ စာဖတ်ဝိုင်းပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် စာရေးဆရာ မောင်လတ်(ကမ်းရိုးတန်း)နှင့် စာရေးဆရာ မောင်ရည်ကျော်(ရှုပ)တို့က စာရေးဆရာ အောင်အောင် ရေးသားသည့် အမြင့်ဆုံးမှတ် စာအုပ်အား ဖတ်ရှု၍ မိမိတို့၏ ရှုထောင့်အသီးသီးမှ ခံစားနားလည်မှုများကို ဆွေးနွေးပေးခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်အပေါ် စာရေးသူ၏ ခံစားရေးသားခဲ့မှုများကို ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီ၌ အောင်ပင်လယ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ၅၄လမ်းနှင့် ၅၅လမ်းကြားရှိ အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်း စုပါစိမ်းခန်းမတွင် ကျင်းပခဲ့သည်။


လူငယ်စကားဝိုင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့ရာ "လူငယ်များ အသိပညာအတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးများ မြှင့်တင်ပေးရန်၊ ဗလငါးတန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ ကျွမ်းကျင်တက်မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့စွာ စကားပြောဆိုတတ်စေရေးတို့ ရရှိစေရန် လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင်ကာ အဆိုပါ အထက်တန်းကျောင်းမှ Grade - 10 ကျောင်းသား မောင်ဇင်ကိုလတ် က "လူငယ်နှင့် မူးယစ်ဆေးဝါး"၊ Grade - 11 ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မသက်ထားဇော်က "လူငယ်နှင့်စာအုပ်စာပေ"၊ မမိုးပြည့်ရွှေစင်က "လူငယ်နှင့်ဇာတိမာန်"၊ မောင်အောင်မြင့်မြတ်က "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက် ဆွေးနွေးခဲ့ကြသည်။




ထို့နောက် စကားဝိုင်းအပြီးတွင် ကျောင်းသား၊ ကျောင်းသူလေးများက ကျောင်းဝင်းအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ လူငယ်စကားဝိုင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ အမှတ်(၂၈)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)ချမ်းမြေ့**




## နတ်မောက်မြို့နယ်တွင် နှမ်းစပါးစံကွက် ရိတ်သိမ်း

**နတ်မောက် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် နွေရာသီနှင့် မိုးရာသီကာလများတွင် စပါးများကို အားထားစိုက်ပျိုးကြရာ အလယ်ရွာကျေးရွာအုပ်စု တောင်သူ ဦးသိန်းဟန်ပါ တောင်သူ ၁၂ဦး ကွင်းအမှတ်(၈၇၄)ရှိ ဆာဖိုးသာစပါးမျိုး နွေစပါးစံကွက်ရိတ်သိမ်းခဲ့သည်။

အဆိုပါ နွေစပါးစံကွက် ရိတ်သိမ်းခြင်းကို နတ်မောက်မြို့နယ် ကျောက်တံခါးဆည်ရေသောက် အလယ်ရွာ ကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်(၈၇၄)ရှိ တောင်သူ ဦးသိန်းဟန်အပါအဝင် တောင်သူ ၁၂ ဦး၏ နွေစပါးမျိုးဖြစ်သည့် ဆာဖိုးသာ စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက အထွက်နှုန်း အစိုတင်း(၁၁၂)တင်း ထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှဝင်း**

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ စုံလင်

### မြန်မာစာ တန်ဖိုးထားပါ

* စကားလုံးကို ရွေးချယ်မှ
ဝါကျလုပုဒ်များကွယ်
ဆိုလိုတာ ချက်ချင်းသိ
ထိမိ အဓိပ္ပာယ် ။

* မြန်မာစာ မြန်မာ့စကား
တန်ဖိုးထားလေ့လာစေ
ကိုယ့်နိုင်ငံယဉ်ကျေးမှု
ရေးရှုပါလေ ။

* တန်ဖိုးကြီး အက္ခရာတွေ
ရေးသားလေ စနစ်တကျ
စကားသံပီသစွာပြော
ချောမွေ့လှပ ။

* ဘိုးဘေးတို့ ရေးလက်ရာ
နည်းပညာပေါင်းပါလို့
တို့မျိုးနွယ်စာပေများ
ရေးသားကြစို့ ။ ။

**မောင်မောင်လင်းထွဋ် (နန်းတော်ရှေ့)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**တာလေ ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက အ.မ.က(တပ်တွင်း)ကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ခွဲပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ စာဖတ်ခြင်းဖြင့် မိမိတို့၏ ဘဝကိုမြှင့်တင်နိုင်ပုံ၊ နောင်တစ်ချိန်တွင် တိုင်းပြည်၏ အနာဂတ်ကို မိမိတို့ကိုယ်တိုင် ဖန်တီးတည်ဆောက်ကြရမည် ဖြစ်သောကြောင့် ယခုအချိန်မှစ၍ စာဖတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူထားသင့်ကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ စသည်တို့ကို ပညာပေးဟောပြောကြားခဲ့သည်။



ဆက်လက်၍ ဟောပြောပွဲအပြီးတွင် ကလေးအလုပ်သမား ပပျောက်ရေး နံရံကပ်စာစောင်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲများကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# သတင်းပဒေသာ

## ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် သီလခံယူဆောက်တည်ပွဲများ ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၌ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့်အတူ သီလခံယူခြင်းနှင့် ကုသိုလ်ကောင်းမှုများကို ဇူလိုင် ၂၀ရက် နံနက် ၉နာရီက ဝါဆိုလပြည့်နေ့တွင် မြို့ပေါ်ရပ်ကွက်အသီးသီးရှိ ဘုန်းကြီးကျောင်းများနှင့် သီလပေးဓမ္မာရုံများတွင် ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် သီလခံယူ ဆောက်တည်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေဘေးသင့်အိမ်ထောင်စုများအား ဆန်ရိက္ခာပိုးငွေထောက်ပံ့

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေဘေးသင့်အိမ်ထောင်စုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဆန်၊ ဆီ ထောက်ပံ့ပေးခြင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုးငွေထောက်ပံ့ပေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် ဥယျာဉ်ကျေးရွာဘုန်းကြီးကျောင်းဓမ္မာရုံတို့တွင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

## လူငယ်ရေးရာ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပုံပါကျင်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အမှတ်(၂၉)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲက ပုံပါကျင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘောမြို့တွင် ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားလာစေရန်ရည်ရွယ်၍ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည် ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းအတွင်း ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၎င်းကျောင်းဆောင်သစ်ဆောက်လုပ်မည့်မြေနေရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းထွန်းစိန်၊ မြို့နယ်ပညာရေးမှူးဒေါ်နန်းဟွမ်နွန်းနှင့် အထက ကျောင်းအုပ်ဆရာမကြီးဒေါ်သီတာခိုင်တို့က ပန္နက်များ ရိုက်ပေးခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရေနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး အသုံးအဆောင်ပစ္စည်းများ ပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာနခွဲက မြို့နယ်အတွင်းရှိ စီမံကိန်းဝင်ကျေးရွာ ၂၅ရွာအနက် ဟိုမန်း၊ ပါဆာ၊ နမ့်ဟူးလွယ်ကာ၊ ခုံကွတ်ကျေးရွာအား ရေနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး အသုံးအဆောင်ပစ္စည်းများကို ယမန်နေ့က ကွင်းဆင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)



# မြတဘက်နဂါးကိုးကောင်ဘုရားတွင် ဝါဆိုသင်္ကန်းကပ်လှူ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်စောမွန်လှသစ္စာအမိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက် နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စောမွန်လှပညာရေးဖောင်ဒေးရှင်း ငွေပဒေသာပင် စိုက်ထူ လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စောမွန်လှပညာရေး ဖောင်ဒေးရှင်းငွေပဒေသာပင် စိုက်ထူ လှူဒါန်းပွဲကို နံနက် ၉နာရီတွင် နဂါးကိုးကောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ အမှူးရှိသော ဆရာတော်၊ သံဃာတော် ၁၅ပါး၊ ရှင်သာမဏေအပါး ၉၀၊ သီလရှင် ဆရာကြီး၊ ဆရာလေး ၄၅ပါးတို့အား ဝါဆိုသင်္ကန်းနှင့်တကွ အခြံအရံလှူဖွယ်ဝတ္ထုပစ္စည်းများ၊ သီလရှင်ဝတ်စုံများ အပါအဝင် လှူဒါန်းခဲ့ကြပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

လှူဒါန်းမှု အစုစုတို့အတွက် တိုက်အုပ် ပဓာနနာယကဆရာတော် နဂါးကိုးကောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ ထံတွင် သီလခံယူဆောက်တည်ကြပြီး ရေစက်ချတရားများ နာယူကြည်ညိုခဲ့ကြသည်။

လှူဒါန်းမှု အစုစုတို့ကို နဂါးကိုးကောင်ဆရာတော်၏ ရာသက်ပန် ပစ္စည်းလေးပါး ဒါယကာ ၊ ဒါယိကာမများဖြစ်ကြသော ဦးကျော်လင်း+သုမေ္မာသီဂီ ဒေါ်ဖြူဖြူ(ရွှေမြင်းလက်ဖက်ခြောက်နှင့် Bigwin Family Co.,Ltd သားသမီးမြေးမြစ်တစ်စု)၊ ဒေါ်တင်ဇာထွန်း(အောင်စက်သုံးဆီ ရောင်းဝယ်ရေး)၊ ဆွမ်းအလှူရှင် ကိုသိန်းသန်းစိုး+မစုပိုင်မိုး၊ သီလကန်တော့ပွဲ ကုသိုလ်ရှင်ဦးလှထွန်း+ဒေါ်သန်းသန်း(သမီး)၊ ဒေါ်ခင်သီတာထွန်း (ညီမ)ဒေါ်နုနုလှ(WHITE ROSE ကွန်ပျူတာ)၊ ဥက္ကဋ္ဌ ဦးကျော်ငွေ+ဒေါ်ကြူကြူမြင့်(လနတ်သားကျောက်မျက်ကုမ္ပဏီ)၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်း+ဒေါ်ရင်ရင်မြင့်(ထိုင်ဝမ်အထည်ဆိုင်)၊ဒေါ်စန်းစန်း(စိန်စီအောင် စက်သုံးဆီ ရောင်းဝယ်ရေး)နှင့် အလှူရှင်များ ကြွရောက် ချီးမြှင့်ခဲ့ကြပြီး ညနေ ၃နာရီတွင် ဆွမ်းအလှူရှင် ဦးကြူဇင်+ဒေါ်အေးမြလွင်တို့က ပရိသတ် ၁၀၀၀အတွက် ထမင်းဘူးများ စတုဒိသာ ဝေငှလှူဒါန်းခဲ့ကြသည်။

ယခုအခါ အဆိုပါကျောင်းတွင် ရဟန်း၊ သာမဏေရှင်အပါး ၁၅၀ပါး၊ သီလရှင် ဆရာလေး ၄၅ပါးနှင့်သူငယ်တန်းမှအဋ္ဌမတန်းအထိ ကျောင်းသား၊ကျောင်းသူ ၁၀၀၀ကျော် ပညာသင်၍ ကျေးမွေးစောင့်ရှောက်လျက်ရှိရာ ရဟန်းသံဃာနှင့် ဆက်စပ်သော လှူဖွယ်ပစ္စည်းများ၊ ပညာရေးအထောက်အကူပြုပစ္စည်းများ ဆက်သွယ်လှူဒါန်းလိုသည့် အလှူရှင်များ အနေဖြင့် ပညာရေးအကျိုးတော်ဆောင်အဖွဲ့ထံသို့ ဖုန်း ၀၉-၂၀၃၂၂၄၇၊ ၀၉-၄၀၂၅၉၈၃၅၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ယာပုံ)(ကဆ)



# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၁၅)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်း၏ (၁၅) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဝါဆိုလပြည့်နေ့ နံနက် ၅ နာရီခွဲက ၃၅လမ်းနှင့် ၆၉လမ်း ထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ကြက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်တစ်ထုပ်စီနှင့် နဝကမ္မ ငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ငါးစုံ၊ ဖိနပ်လေးရန်နှင့် ငွေကျပ် ၁၃၀၀၀၀တို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့်ဇနီး ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက်ဘုံဆွမ်းလောင်း အသင်းဝင်များက လောင်းလှူခဲ့ကြသည်။

(ဝဲပုံ)

အဆိုပါ ဘုံဆွမ်းလောင်းအသင်းသည် မဟာမြိုင်ဆရာတော်ကြီးအား သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေကျပ် ၅၀၀၀၀၀၊ မစိုးရိမ်တိုက်သစ်ဓမ္မသဟာရကျောင်းဆရာတော်အား သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေကျပ် ၅၀၀၀၀၀၊ မိဘဂုဏ်ရည်ဆရာတော်အား သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေကျပ် ၃၀၀၀၀၀၊ မဟာဝိဇယဆရာတော်အား သင်္ကန်းနှင့် နဝကမ္မ ဝတ္ထုငွေကျပ် ၃၀၀၀၀၀၊ ပြင်ဦးလွင်ရွှေပုလဲ မစိုးရိမ်ဆရာတော်အား သင်္ကန်းနှင့် နဝကမ္မဝတ္ထု ငွေကျပ် ၃၀၀၀၀၀၊ မဟာဗောဓိ ရိပ်သာရှိသံဃာတော်များ၊ ယောဂီများအတွက် ငွေကျပ် ၄၇၀၀၀၀ တို့ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝင၀)



# မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ မိသားစု ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင် လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဇူလိုင် ၂၁ရက် နံနက်ပိုင်းက (၈၈)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးကြင်းခြစ်ကြော်ချက်၊ သရက်ချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ကျော်တို့အား နံနက် ငါးနာရီခွဲမှ စတင်လောင်းလှူ ကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှဆရာတော် သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်းသိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

# ရေကြီးရေလျှံ သဘာဝဘေး စုပေါင်းကာကွယ်ပေး

၁၃၈၆ ခုနှစ် ဝါဆိုလဆန်း ၂ ရက် တနင်္ဂနွေနေ့ပါ။ ထက်ကောင်းကင် ဝဠာ တစ်ခွင်မှာ တိမ်မဲညိုတို့ တွဲလွဲခိုလို့ ပြိုတော့မယ့်မိုးကို မြင်နေရပါပြီ။ "ဝါဆိုဝါခေါင်မှာလေ ရွှေမိုးလေးတွေ ညိုတော့" ပိုလို့သတိရ တမ်းတမိပါတယ်။ မိုးသည်းထဲမှာ ထီးကလေးတစ်ချောင်း နှစ်ယောက်အတူတူ ဆောင်းခဲ့ရတာတွေ၊ အဓိပတိလမ်းမကြီးပေါ်မှာ လျှောက်လှမ်းခဲ့ရတာတွေ၊ နီတျာတျာ စိန်ပန်းတွေနဲ့ ရင်ခတ်ရွှေဝါ ပန်းငုဝါတွေ ပွင့်နေပါတဲ့ အညာတက္ကသိုလ် ပခုက္ကူမှာလဲ အတူတူတွဲလို့ ပျော်ပွဲလေးတွေ ဆင်ခဲ့ဖူးပါပြီ။ တမာ ထနောင်းတို့ ဝေနေတဲ့မြေ၊ မိုးဦးကာလ အေးမြမြမှာ မြေသင်းရနံ့သင်းသင်း လေပြည်ညင်းကိုလည်း ထိတွေ့ခံစားခဲ့ရပါတယ်။ အတိတ်ကာလ မေ့မရတာမို့ စာစီဖွဲ့လို့ ရေးနေမိတာပါ။

မိုးရွာတော့ ပျော်တာပေါ့ဗျာ။ "မိုးရွာရင် မိုးရေချိုးမယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်" ဆိုတဲ့ ကြည်နူးဖွယ်ရာ တေးသံသာလေးပါ။ ရင်နဲ့အမျှ ခံစားရပါတယ်။ မိုးတွေရွာလို့ မိုးရေတွေရတော့ လယ်ယာဦးကြီးတို့ ပျော်နေကြပြီ။ ထွန်ရေးငင်ဖို့ ပြင်ဆင်ကြရပြီ။ လယ်ယာအလုပ်ခွင်မှာ ပျော်ရွှင်နေကြပြီ။

ဒါပေမဲ့ဗျာ။ အတိုင်းအဆမရှိတဲ့မိုး။ ယုတ်မာရိုင်းစိုင်း မုန်တိုင်းမိုးကိုတော့ မုန်းလှတယ်ဗျာ။ သည်းထန်တဲ့မိုး၊ မရပ်မနား အားပါးတရ ရွာနေတဲ့မိုး၊ အညိုးကြီးစွာ ရွာတဲ့မိုးကတော့ ရက်စက်လွန်းလှပါတယ်ဗျာ။ မိုးကြီးလေတော့ ရေစီးအားသန်၊ ချောင်းရေတွေလျှံ၊ မြစ်ကမ်းပါးယံပေါ် ကျော်တက်၊ မြို့ရွာတွေထဲရေဝင်၊ အိမ်တွေ ရေမြုပ်၊ လယ်တွေယာတွေ အားလုံးမြုပ်၊ ပစ္စည်းဥစ္စာ အိမ်ခြေတိုက်တာတွေပျက်စီး၊ လူတချို့သေ၊ ရောဂါတွေက ထွေဆိုတော့ မိုးကြီးလို့ ရေလျှံတာအန္တရာယ်များလှတဲ့ သဘာဝဘေးဆိုးကြီး တစ်ခုပါဗျာ။

မှတ်မိနေဆဲ၊ မျက်စိထဲမှာ အခုထိမြင်ယောင်နေဆဲပါ။ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၀ ရက်ကိုပါ။ စာရေးသူ ပခုက္ကူမြို့မှာ တာဝန်ထမ်းဆောင်နေစဉ်ကပါ။ ရွာလိုက်တဲ့မိုး တစ်နေ့လုံး၊ တစ်ညလုံးဆိုတော့ ပခုက္ကူအရှေ့ပိုင်းက "ရွှေချောင်း" ဆိုတဲ့ ချောင်းခြောက်ကြီးမှာ ရေစီးအားတွေဖောက်ပြန်လို့ အလုံးအရင်းနဲ့ ရေတွေဒလဟောစီးဆင်းလို့ လာနေပါပြီ။ အဲဒီအချိန်က စာရေးသူချောင်းအနောက်ဘက်ကမ်းမှာ ရောက်နေခဲ့တာပါ။ မြင်ရတွေ့ရ စိတ်မချမ်းမြေ့စရာပါဗျာ။ ချောင်းရေထဲမှာ အိမ်တွေ၊ လူတွေ၊ သစ်ပင်၊ သစ်လုံးတွေ မျောပါနေလိုက်တာ။ ချောင်းရေကလဲ အတောမသတ် တရစပ် စီးဆင်းလို့နေတာ တားလို့မရတော့ပါ။ အရှိန်အဟုန်ပြင်းပြင်းနဲ့ စီးဆင်းလို့နေပါတော့တယ်။

ချောင်းရေအဟုန်မှာ အကုန်မျောပါနေကြပါပြီ။ လူတွေ လူတွေ အော်ကြ၊ ဟစ်ကြ၊ ကယ်ပါယူပါ တစာစာနဲ့၊ တကယ့်ရင်နင့်ဖွယ်ရာပါ။ ဆိုင်ကယ်တွေ၊ ဇိရိုတွေ၊ တီဗွီတွေ၊ ပီပါတွေ၊ သေတ္တာတွေ၊ အိမ်တွေ အလုံးလိုက်မျောပါနေကြပါပြီ။ ရေစီးအားက မတရား ပြင်းထန်လေတော့ ရေထဲဆင်းပြီး ဆယ်ယူဖို့၊ ကယ်ယူဖို့ လုံးဝမလွယ်ကူပါ။ လက်ပိုက်ကြည့်နေရုံမှတပါး အခြားမရှိခဲ့ပါ။ မျက်စိအောက်မှာဘဲ အခုမြင်၊ အခုပျောက်ပါ။ မြင်လာသမျှ သနိရဆိုပေမယ့် ရင်နှင့်အမျှ ခံစားခဲ့ရပါတယ်ဗျာ။

စာရေးသူရဲ့ မျက်စိအောက်မှာဘဲ ချောင်းရေအဟုန်မှာမျောပါလာတဲ့ သစ်လုံးကြီးတွေ၊ သစ်ပင်ကြီးတွေက သံကူကွန်ကရစ်တွေနဲ့ ခိုင်ခိုင်မာမာကာလရှည်ကြာ တည်ဆောက်ထားတဲ့ ရွှေချောင်းတံတားကြီးကို လာရောက်ထိခိုက်နေကြပါပြီ။ ဟောဗျာ သစ်လုံးသစ်ပင်ကြီးတွေ တစ်ပင် နှစ်ပင် သုံးလေးပင်ပါ။ နောက်ဆုံးတော့လည်း သဘာဝရေစီးအားကို ခုခံနိုင်စွမ်း မရှိလေတော့ ရွှေချောင်းတံတားကြီးပြိုကျလို့ ပျက်စီးခဲ့ရပါတယ်။ တံတားကြီးရဲ့ အခန်းသုံးခန်းစာလောက် ပျက်စီးသွားခဲ့ရပါတယ်။ ပခုက္ကူရဲ့ အရှေ့ပိုင်းနဲ့ အနောက်ပိုင်းကို ဆက်သွယ်ထားတဲ့ အဓိကတံတားကြီးတစ်စင်း ချောင်းရေမှာ မျောပါလို့ ပျက်စီးခဲ့ရတာပါ။

ပြန်လည်တွေးဆလို့ မေ့မရတဲ့ အဖြစ်တွေပါဗျာ။ တကယ်တော့ သဘာဝဘေးဆိုတာ ပြေးလို့မလွတ်တာတော့ မဟုတ်ပါ။ ဒါပေမဲ့ ရေကြီးရေလျှံမှုဆိုတာဟာ ကြီးမားလှတဲ့သဘာဝဘေးအန္တရာယ်လို့ မှတ်ယူရပါမယ်။ အမိမြေရဲ့ တစ်နံတစ်လျားမှာလဲ ရေဘေးဒုက္ခတွေကြုံခဲ့ကြရတာတွေ ရှိလေတော့ အမြဲသတိရ လွမ်းဆွတ်နေရဆဲပါ။ ရေကြီးရေလျှံမှုတွေဟာ သဘာဝကပေးအပ်လာတဲ့ ဖြစ်စဉ်တွေမို့ သဘာဝကိုအန်တုလို့ ရန်ပြုဖို့တော့ မဖြစ်နိုင်ပါ။ မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့တော့ စုပေါင်းအင်းအား စွမ်းပကားနဲ့ ကြိုးစားလို့ ကာ



ကွယ်ကြရမှာပါ။

အမိမြေရဲ့ မြေမျက်နှာသွင်ပြင်၊ မြေပြင်လက္ခဏာ၊ မြစ်ကြီး၊ ချောင်းကြီးများရဲ့ ရေဆင်းစနစ်၊ ရေစီးဆင်းနေပုံ၊ ရာသီအလိုက် မြစ်ရေအတက်အကျ၊ ရေဝေရေလဲဧရိယာ(Water divide)၊ ရေသိုလှောင်ထားနိုင်မှုပမာဏ(Catchment area)၊ ရေလွှမ်းမိုးနိုင်မှု အခြေအနေ၊ ရေဝင်ရောက်နိုင်တဲ့ ဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများ၊ သဘာဝနှန်းတာများတည်ရှိနေမှု၊ မြေနိမ့်လွင်ပြင်ဒေသများနှင့် နှစ်စဉ်မိုးရွာသွန်းမှု၊ မိုးများသည့်ကာလများ၊ မြစ်ရေတက်လာမှု၊ စိုးရိမ်ရေအမှတ်၊ မြစ်ရေကင်းစောင့်မှု၊ ပြည်သူသို့ အသိပေးကြေညာမှု စတာတွေကို စဉ်ဆက်မပြတ် အချိန်နှင့်တပြေးညီ လုပ်ဆောင်နေကြရန် လိုအပ်ပါတယ်။

ရေကြီးရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ်မှုအနေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ကျရာတာဝန်တွေ ယူနေကြတာ၊ အချိန်နှင့်အမျှ ကြိုးစားနေတာတွေ တွေ့နေရတော့ အားရဝမ်းသာ ဖြစ်ရပါတယ်ဗျာ။ စာရေးသူတို့ရဲ့ မြစ်ဧရာကမ်းနံဘေး မန္တလေးရဲ့ ရေဘေးကာကွယ်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ထားမှုများကိုလည်း မှတ်မှတ်ထင်ထင် တင်ပြလိုပါတယ်ဗျာ။

ဧရာဝတီမြစ်အထက်ပိုင်းက တိုးလာမယ့် ရေတွေဟာ အောက်ဘက်ကို စီးဆင်းလာနေတော့ ယခု ဇူလိုင် ၁၀ ရက်၊ ၁၅ ရက်လောက်မှာ မန္တလေးမြို့ရဲ့ စိုးရိမ်ရေအမှတ်ကို ကျော်လွန်နိုင်ဖွယ်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူက ပြောကြားခဲ့ပါတယ်။ အခုလောလောဆယ်မှာတော့ ဗန်းမော်၊ ကသာနဲ့ ရွှေကူမြို့ကြီးတွေမှာ ယင်းမြို့တွေရဲ့ စိုးရိမ်ရေမှတ်အထက်မှာရှိနေပါတယ်။ နောက်သုံးရက်လောက်အတွင်းမှာတော့ မန္တလေး၊ စစ်ကိုင်း၊ မြင်းမူ၊ ပခုက္ကူဆိပ်ကမ်းတွေမှာ စိုးရိမ်ရေမှတ်ကို ရောက်ရှိမယ်ခန့်မှန်းပါတယ်တဲ့။

မန္တလေးမြို့ရဲ့ မြစ်ရေအခြေအနေကတော့ ဇူလိုင် ၆ ရက်က ၁၀၁၆ စင်တီမီတာသို့ ရောက်ရှိနေပြီး၊ ဇူလိုင် ၈ ရက်မှာတော့ ၁၂၄၁ စင်တီမီတာသို့ ရောက်နေကြောင်း သိရပါတယ်။ မန္တလေးရဲ့ စိုးရိမ်ရေမှတ်ဟာ ၁၂၆၀ စင်တီမီတာလို့ သိရပါတယ်။ ၁၉၆၇ ခုနှစ်က ၂၀၂၃ ခုနှစ်အထိ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ခဲ့တာ ၁၆ နှစ်ရှိတယ်လို့ သိရပါတယ်။

မန္တလေးမြို့ရဲ့ အထက်ပိုင်းက မြို့ကြီးတွေမှာ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေတာကတော့ ဗန်းမော်မှာ ၄ ပေခန့်၊ ရွှေကူမှာ ၃ ပေခန့်၊ ကသာ မြို့မှာတော့ ၁ ပေခန့် ရှိနေပါတယ်။ ဇူလိုင် ၆ ရက် ညနေပိုင်းက သပိတ်ကျင်းမှာ စိုးရိမ်ရေမှတ် အထက် ၅ ပေခန့်မှာရှိနေတော့ မန္တလေးကို အဲဒီ ရေတွေ ရောက်လာနိုင်လို့ အထူးသတိပြုကြရပါမယ်။

ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်းသို့ ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့ပါက မြစ်ရေကျိုးပေါက်နိုင်တဲ့ ငယ်တိုးကျေးရွာအုပ်စု၊ ရွှေကြက်ယက်တာပေါင် ရေထိန်းတံခါးနဲ့ အနီးတစ်ဝိုက်၊ စစ်ကိုင်း-မန္တလေး ကားလမ်းတံတားအမှတ်(၁၊ ၁၀)ပြွန်ပေါက်နဲ့ လမ်းပိုင်း၊ တံတားဖြူ ရေထိန်းတံခါးနေရာ စတဲ့နေရာများကို သက်ဆိုင်ရာတာဝန်ရှိသူအားလုံးတို့က လက်တွေ့ကွင်းဆင်းလေ့လာကြပြီး လိုအပ်သည်များကို ကြိုတင်ဆောင်ရွက်လျက်ရှိကြပါတယ်။

ရေကြီးရေလျှံမှုများ၊ သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ပါက အချိန်နှင့်တပြေးညီ ကူညီကယ်ဆယ်ရေးအတွက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် မန္တလေးခရိုင်၊ မြို့နယ်အသီးသီးက မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်များ တွေ့ဆုံကြပြီး သဘာဝဘေးများ ကျရောက်လာခဲ့ပါက ကြိုတင်လုပ်ဆောင်ကြရမည့် အစီအစဉ်၊ ရေပြင်ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းသုံးကိရိယာများ အဆင်သင့်ရှိနေရေး၊ ရေမကြီးမီ၊ ရေကြီးနေစဉ်၊ ရေကျပြီးနောက် လုပ်ဆောင်ကြရမည့် အစီအစဉ်များအား အသေးစိတ် ဆွေးနွေးကြသည်ကို အားပါးတရ သိရှိရပါတယ်။

သဘာဝဘေးအန္တရာယ်များ မည်မျှပင်ကျရောက်လို့ မည်မျှပင် ကြီးမားလို့နေပါစေ၊ ပြည်သူလူထုရဲ့ စုပေါင်းလုပ်ဆောင်အား ညီညွတ်သော၊ စနစ်ကျသော လုပ်ဆောင်မှုများဟာ ကျရောက်လာမယ့် ရေကြီးရေလျှံမှု ဘေးအန္တရာယ်များကို အကောင်းဆုံးအနေအထားနဲ့ ကျော်လွှားနိုင်ကြမယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်နေပါတယ်။

**'သဘာဝဘေး ကာကွယ်ရေး စုပေါင်းလုပ်ဆောင်ကြပါစို့မနေး'**

**သဘာဝအန္တရာယ် တို့ကာကွယ် ဘေးကင်းကြစေမယ်'**

**ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)**





## ဝါဆိုလပြည့် ဦးပွားဘုရား သီလကန်တော့ပွဲ ဆက်ကပ်ပူဇော်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်စေတီတော်ဘုရားကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုလပြည့်နေ့တွင် သီလကန်တော့ပွဲနှင့် လှူဖွယ်ဝတ္ထုအစုစု ဆက်ကပ်ပူဇော်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက ဦးပွားဘုရားအတွင်းရှိ ဓမ္မသာလဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို ဆရာတော်၊ သံဃာတော်များ အလှူရှင်နှင့် ပရိသတ်တို့က နမော တဿ(၃)ကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် ဒက္ခိဏာရာမဘုရားကြီးတိုက်မှ ဘဒ္ဒန္တ ဇနိန္ဒ (ဆင်မင်းကျောင်း)ဆရာတော်က ရှစ်ပါးသီလချီးမြှင့်ပေးတော်မူ၍ သီလကန်တော့ပွဲကုသိုလ်ရှင် ဖခင်ကြီး(ဦးတင်ငွေ)အားရည်စူး၍ မိခင်ကြီး ဒေါ်တင်ကွန့်၊ ဒေါ်လှမယ်တို့ကို အမှူးထားကာ ဦးပွားဘုရားဂေါပကဥက္ကဋ္ဌ ဦးမြင့်ဦး ဇနီးဒေါ်စန္ဒာမွေး(သမီး)၊ မမ္ဗျူဦး၊ မဖြိုးသီရိဦး၊ (သား) မောင်ဇေသီဟဦး၊ (သမီး)မဆောင်းနှင်းဖြူ မိသားစုတို့က ဆရာတော်အား သီလကန်တော့ပွဲနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ ဆက်ကပ်လှူဒါန်းရာ ဆရာတော်မှ လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချအမျှပေးဝေသည်။

အဆိုပါအခမ်းအနားကို ဦးပွားဘုရားဂေါပကအဖွဲ့နာယကဦးခင်မောင်ဌေး၊ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်း၊ အဖွဲ့ဝင် ဦးအောင်မောင်း၊ ဦးရဲလင်းထက်၊ ဦးတင်ထူး၊ ဦးကျော်မင်းဦး၊ အလှူရှင်မိသားစုနှင့် သီလစောင့်မည့်ဥပုသ်သည်များ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၆)

## ပြည်လုံးချမ်းသာ တိုင်းရင်းသားမိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းတွင် နေ့လယ်စာကျွေးမွေး ငွေပဒေသာပင်စိုက်ထူ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း ရဲဘော်ကွက်သစ်ရပ်ကွက်အတွင်းရှိ ပြည်လုံးချမ်းသာတိုင်းရင်းသားမိဘမဲ့ကလေးများစောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်ရှိ ကလေးငယ်၂၀၀ကျော်တို့အား နေ့လယ်စာအာဟာရထမင်းဟင်းများ ကျွေးမွေးလှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

အလှူရှင် အမရပူရမြို့၊ ကသဲဈေးရပ်(ငွေအိုးကြီး ကုန်မျိုးစုံရောင်းဝယ်ရေး)ဒေါ်မြရင်၏ (၈၅)နှစ်ပြည့်မွေးနေ့အလှူဒါနအဖြစ် မိဘမဲ့ကလေးငယ်များအား နေ့လယ်စာအာဟာရ ထမင်း၊ ဟင်းများနှင့် မုန့်မျိုးစုံ၊ ဖျော်ရည်များဖြင့် ကျွေးမွေးလှူဒါန်းခြင်း၊ ကျောင်းတိုက်ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကာဓဇ ဘဒ္ဒန္တသုမင်္ဂလ(ဓမ္မာစရိယ၊B.A)ဆရာတော်အမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းနှင့် ဝါဆိုသင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပေးအပ်ခဲ့ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားဟောကြားတော်မူခဲ့သည်။

ပြည်လုံးချမ်းသာတိုင်းရင်းသားမိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက်သို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ တစ်ရက်တာအာဟာရဒါန(နံနက်၊ နေ့လယ်၊ ညနေ)ကျွေးမွေးလှူဒါန်းလိုပါကလည်းကောင်း၊ အခြားဘက်စုံဖွံ့ဖြိုးရေးအလှူငွေများ လှူဒါန်းလိုပါကလည်းကောင်း ဦးစီးပဓာနနာယကဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈ နှင့်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)

၀-၀-၀-၀-၀



## ပျော်ဘွယ်မြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ လူမှုကူညီရေးအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပျော်ဘွယ် ဇူလိုင် ၂၁**

ပျော်ဘွယ်မြို့နယ်အတွင်း ဌာနဆိုင်ရာအသီးသီးမှ အငြိမ်းစားယူခဲ့သော ဝန်ထမ်းများဖြင့် ဖွဲ့စည်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ လူမှုကူညီရေးအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ ရက်၊ နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးရဲမြင့်က မိမိတို့အသင်းသည် ငွေကြေးနှင့်ပတ်သက်ဆက်နွှယ်နေသောကြောင့် ပြည်သူများ၊ အသင်းဝင်များ အထင်အမြင်လွဲမှားမှုမရှိစေရေး၊ စာရင်းဇယားများ တိကျမှန်ကန်ရေးတို့ကို အထူးဂရုပြုရန်လိုအပ်ကြောင်းစသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ လစဉ်အသင်းဝင်များထံမှ ကောက်ခံရရှိမှု၊ စာရင်းစစ်ဆေးခဲ့မှု၊ ထောက်ပံ့ကြေးပေးနိုင်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသင်းအမှုဆောင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း၊ အငြိမ်းစားဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော လူမှုကူညီရေးအသင်းတွင် အသင်းဝင်ပေါင်း ၁၅၀၀ ဦးခန့်ရှိပြီး အသင်းဝင်တစ်ဦး သေဆုံးမှုဖြစ်ပေါ်ပါက ထောက်ပံ့ကြေးအနေဖြင့် ငွေကျပ် တစ်သိန်းခြောက်သောင်း ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)



## ရေဝတီမြစ်ရေဝင်ရောက်သည့် အောင်လံမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ဆန်များ ထောက်ပံ့ပေးအပ်

**အောင်လံ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှထောက်ပံ့သော ဆန်များကို ဧရာဝတီမြစ်ရေဝင်ရောက်သည့် သရက်တော၊ တရော်ကုန်း၊ စက်ရုံ၊ မကျီးကုန်းရပ်ကွက်များရှိ ရေဘေးရှောင်စခန်းအသီးသီးမှ ရေဘေးသင့်အိမ်ထောင်စုများအား ဇူလိုင် ၂၀ ရက်က ရေဘေးရှောင်စခန်းအသီးသီး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် အောင်လံမြို့နယ်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ရေဘေးသင့်အိမ်ထောင်စု ၆၀၉ စု၊ လူဦးရေ ၂၁၆၀ အတွက် ဆန်အိတ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ရေဘေးသင့်ရပ်ကွက်၊ ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

မျိုးသိန်း(ပြန်/ဆက်)




## ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**ရွှေဘို ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ သန့်ရှင်းသာယာလှပစေရေးအတွက်၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ နေ့စဉ်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်၊ နံနက်၈ နာရီက ရွှေဘိုမြို့၊ မြို့မဈေးတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွှေဘိုမြို့မဈေးအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများအတွင်း ပိတ်ဆို့နေသောအမှိုက်များ နုန်းများအား ဆယ်ယူခြင်း၊ အောင်ဇေယျလမ်းမကြီးနှင့် ရန်ကြီးအောင်လမ်းမကြီး တစ်လျှောက်၊ ချုံနွယ်များ၊ မြက်ပင်များရှင်းလင်း၍ အမှိုက်များသိမ်းဆည်းခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)(ဝ၅၇)





## (၁၂)ကြိမ်မြောက်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

**မန္တလေး ဇူလိုင် ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော အေးချမ်းအောင်မြင်၊ ရဲမွန်တောင်ကျောင်းဆရာတော်နှင့် ကိုသက်မြတ်သူ+မမျိုးမျိုးအေး(မန်းစည်ပင်)မိသားစု၊ နှစ်ဖက်မိဘများအား ရည်စူး၍ ပတ္တမြားစတူရီယို အသံချဲ့စက်မိသားစု၊ ဦးကိုးအောင် + ဒေါ်ဝင်းဝင်းမြင့်တို့အားရည်စူး၍ (သမီး)မသီတာအောင်နှင့် သားတပည့်များ၊ ဆရာမကြီး ဒေါ်နှင်းနှင်းမော်(ညီမ)ဆရာမကြီးဒေါ်နုနုရီ(CAE)ပညာရေး မိသားစု၊ မိခင်ကြီးဒေါ်ခင်အေးအား ရည်စူး၍ မဆွေ(အိမ်ခြံမြေအကျိုးဆောင်)မိသားစု၊ ဦးဘို(ခ)မောင်ညိုဝင်းအားရည်စူး၍ မညွန့်ညွန့်ဦးမိသားစု၊ ကိုဌေးညွန့်အောင်အားရည်စူး၍ မငယ်လေး(ရတနာပုံဈေး)မိသားစု၊ ရှမ်းဌာနေ စားသောက်ဆိုင်မိသားစု၊ ကိုခိုင်ဝင်း+မစန္ဒာဝင်း(ကုန်စုံဆိုင်)မိသားစု၊ ဦးကျော်တင့်+ဒေါ်မြတ်မြတ်သန်းမိသားစု၊ ဒေါ်နန်းခွန် ၂၈လမ်းမိသားစု၊ ကိုထိုက်+မမီးမီး(ရွှေတုံမဏီ) မိသားစု၊ အေးသန့်ရိပ်မြုံလမ်း၆၀ မိသားစု၊ ဒေါ်ဌေးဌေးအောင်(ဟင်းဆေးဆိုင်)မိသားစု၊ ဒေါ်အုန်းအုန်းသွယ်အားရည်စူး၍ ဦးကိုလေး (သမီး)မပွင့်ရည်ဦးမိသားစု၊ မအေးမိစံအား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ ကိုစိုင်း(ရွှေပန်းတိမ်)မိသားစု၊ ဒေါ်အုန်းအုန်းသွယ်အား ရည်စူး၍ မအေးအေးခိုင် မိသားစု၊ ဦးကိုအေး+ဒေါ်တင်အေးကြည် မိသားစု Woodland Hotel ဝန်ထမ်းများ၊ ကိုပါးပါး(ရွှေဘိုဆေးဆိုင်)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ကိုခင်မောင်ရီနှင့် ဇနီးမိသားစု၊ ဦးကျော်ဇင်+ မဘုတ်မိသားစု၊ ကိုမျိုးဝင်းကျော်+ မဖြိုးဖြိုးသိန်း မိသားစု၊ သုန်းကမ္ဘာမေမိသားစု၊မနီနီအောင် မိသားစု၊ မောင်ကျော်ကိုသက်+မမေသကြိန်မိသားစု၊ မောင်ဇင်ကိုမင်း+ မခင်မေဇင်မိသားစု၊ Htain Win Mobile မိသားစုနှင့်အလှူရှင်များက ဝါဆိုသင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများကို အသင်းရုံးတွင် လာရောက်လှူဒါန်းခဲ့ကြပြီးနောက် အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်၊ ဘဏ္ဍာရေးမှူး မသီတာအောင်နှင့် အသင်းဝင် လူငယ်မောင်မယ်များက မန္တလေး အရှေ့ပြင်ဘုန်းတော်ကြီးကျောင်းတိုက်အသီးသီးသို့ ယမန်နေ့ နံနက်ပိုင်းက အလှူရှင်များကိုယ်စား သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (မန္တလေးနေ့စဉ်-၁)

## ရေဘေးသင့်အိမ်ထောင်စုများသို့ ဆန်များ ထောက်ပံ့ပေးအပ်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သောဆန်များအား ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃) ရပ်ကွက်၊ ညံတောအင်းကျေးရွာ၊ ရွှေမောင်းစွန်းကျေးရွာ၊ ငန်းပြားကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကျောက်ချက်ကျေးရွာ၊ မွန်းညောင်ပင်သာကျေးရွာ၊ ကန်လှကျေးရွာ၊ အလယ်ကန်ကျေးရွာ၊ မကြီးကန်ကျေးရွာ၊ ဒဂုံမှော်ကျေးရွာနှင့် ကျွန်းကျေးရွာတို့ရှိ ရေဘေးသင့် အိမ်ထောင်စုများအတွက် ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**



ထို့နောက် ဆင်ပေါင်ဝဲမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများရှိ ရေဘေးသင့် အိမ်ထောင်စု ၃၉၀စု၊ လူဦးရေ ၁၃၄၀ဦးနှင့် ဆန်အိတ် ၅၅ အိတ်၊ ၂၀ ပြည်တို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရေဘေးသင့် ရပ်ကွက်၊ ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ဆေးရုံတက်လူနာများအား အာဟာရဒါနလှူ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီက အာဟာရဒါန (၃)နှစ်ပြည့်မွေးနေ့ အလှူပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ မွေးနေ့အလှူရှင် လမ်း၈၀၊၉လမ်းနှင့် ၁၀လမ်းကြားနေ ဦးရန်နိုင်အောင်+ ဒေါ်ခိုင်ဇာလှိုင်တို့၏သား မောင်ခေတ်ဘုန်းခန့် (၃)နှစ်ပြည့်မွေးနေ့အလှူအဖြစ် အထွေထွေရောဂါကုဆေးရုံကြီး (မန္တလေး)တွင် အာဟာရဒါနဆန်ပြုတ်၊ ကြက်ဥ၊ လျက်ဆားတို့ကို စေတနာသဒ္ဓါထက်သန်စွာဖြင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများကို ဒါနကုသိုလ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

(၃၉၃)





## ပဲစင်းငုံများ စတင်စိုက်ပျိုး

**ရေနံချောင်း ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီးတွင် ပဲစင်းငုံကို အဓိကထား၍ မိုးရာသီတွင် စတင်စိုက်ပျိုးကြကာ ပဲစင်းငုံ ယခင်နှစ်က ဈေးကောင်းရခဲ့၍ ပဲစင်းငုံကနေ နှစ်စဉ်ဝင်ငွေရနေကြကြောင်း တောင်သူများထံက သိရသည်။

ပဲစင်းငုံစိုက်ပျိုးရာတွင် သက်တမ်းရှည်ပဲဖြစ်ပြီး ဇွန်လကနေ စတင်စိုက်ပြီး သက်တမ်း ၇လအကြာတွင် ရိတ်သိမ်းကြသည့် အပြင် သီးညှပ်အဖြစ် မြေပဲ၊ နှမ်း၊ ပဲမာမျိုးစုံဖြစ်သော ပဲတီစိမ်း၊ ပဲနောက်၊ ပဲလွန်းတို့ဖြင့် ရောနှောစိုက်ပျိုးနိုင်သည့်အတွက် တစ်သီးစားမဟုတ်ဘဲ သီးနှံနှစ်မျိုးကနေ ဝင်ငွေရကြသည်။

"ပဲစင်းငုံကို နှစ်စဉ်စိုက်တယ်၊ ပဲစင်းငုံက ယခုနှစ် နှစ်ဆန်းပိုင်းအသစ်ပေါ်တယ်။ တစ်တင်းလျှင် ငွေကျပ် တစ်သိန်းဝန်းကျင်ရောင်းရတယ်၊ တွက်ခြေကိုက်တယ်"ဟု မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်က တောင်သူတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး အတွင်း၌ ပဲစင်းငုံကို ၂၀၂၄-၂၀၂၅ခုနှစ် စိုက်ပျိုးရာသီတွင် မိုးသီးနှံ ပဲစင်းငုံဧက ၁၈၁၁၄၄ လျာထား၍ စိုက်ပျိုးလျက်ရှိကြောင်း တိုင်းဒေသကြီးစိုက်ပျိုးမှုစာရင်းအရ သိရသည်။

(အပေါ်ပုံ)(၄၇၂)

## ဝါးနက်အပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်သူ များပြား၊ ဆင်စာဘူဖေး ကျွေးမွေး

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊မန္တလေး-ပြင်ဦးလွင်လမ်းမှ ၅မိုင် ၅ဖာလုံအကွာ၊ ရဲရွာရေအားလျှပ်စစ်စက်ရုံလမ်းပေါ်ရှိ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊သစ်တောဦးစီးဌာနပိုင် ဝါးနက်အပန်းဖြေဆင်စခန်းသို့ အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သော အာဇာနည်နေ့၊ ဝါဆိုလပြည့်နေ့နှင့် စနေ၊တနင်္ဂနွေ ရုံးပိတ်ရက်များတွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှ ပြည်သူများလာရောက် အပန်းဖြေကြပြီး ဆင်စီးခြင်း၊ ဆင်စခန်းဥယျာဉ်အတွင်း လည်ပတ်ခြင်း၊ ဆင်စာဘူဖေး ကျွေး ကုသိုလ်ပြုကြသည်။

(ဓဲပုံ)



ဝါးနက်အပန်းဖြေစခန်းရှိ ဆင်များအတွက် ဆင်စာဘူဖေး အသီးအနှံများ လှူဒါန်းကြရာ နှစ်စဉ် ဇူလိုင် ၁၉ရက်တိုင်း ရွှေစာရုံဂေါက်ကွင်းနှင့် ကောင်းမြတ်ကုမ္ပဏီမိသားစုက အသီးအနှံစုံ ငွေကျပ် ရှစ်သောင်း၊ မန္တလေးမြို့မှ ဦးအောင်အောင်နှင့် မန်း Biker စက်ဘီးအဖွဲ့က ဆင်စာသီးနှံ(၇)ရက်စာဖိုးကိုလည်းကောင်း၊ ဇူလိုင် ၂၀ရက်က မန္တလေးမြို့နေ ကိုရှင်းသန့်အောင်မှ မွေးနေ့အထိမ်းအမှတ် ဆင်စာဘူဖေးဖိုးငွေကျပ် ၁သိန်းလှူဒါန်းခဲ့သည်။ ဝါးနက်အပန်းဖြေဆင်စခန်းအတွင်း ဆင်စာဘူဖေးကျွေးမွေးလိုပါက ဖုန်း- ၀၉-၄၃၀၅၄၀၃၈၊ ၀၉-၇၅၄၀၅၂၈၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၀၄၅)

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား စေတီပုထိုးများ၌ ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၁

ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မန္တလေးမြို့ရှိမဟာမြတ်မုနိဘုရားကြီးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိဘုရား၊စေတီ၊ပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက် ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသူများနှင့်စည်ကားလျက်ရှိသည်။ ထို့ပြင် ယနေ့ ဝါဆိုလပြည့်ကျော် ၁ ရက်တွင်လည်းတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ ဘုရား၊စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

စာမျက်နှာ ၃ သို့ ○



ပန်းခြံများတွင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံ ပူနေးမြို့မှ နှစ်တစ်ရာရှိပြီဖြစ်သည့် လက်ဖက်ရည်ဆိုင်

အိန္ဒိယနိုင်ငံ၊ အနောက်အလယ်ပိုင်းရှိ ပူနေးမြို့မှ အာဒီယာအမ်ရှုတုလီယာ လက်ဖက်ရည်ဆိုင်ကို ၁၉၂၄ ခုနှစ်တွင် ရာဂျက်စတန်မှ ရွှေ့ပြောင်းလာသော မိသားစုတစ်စုက စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါဆိုင်ကို ဘောလီးဝုဒ်မှ အနုပညာရှင်များနှင့် အိန္ဒိယနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူများ နှစ်သက်စွာ သောက်သုံးအားပေးခဲ့ကြသည့် သမိုင်းဝင်လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဖြစ်သည်။

၂၀ ရာစုအစောပိုင်း ကိုလိုနီခေတ်တွင် ဗိဿဝက်နတ်ပန်နာလာအိုဂျာဆိုသူသည် ရာဂျက်စတန်မှ ပူနေးမြို့သို့ ပြောင်းရွှေ့ခဲ့ပြီး ဆေးခြောက်ပင်မှထုတ်သော "ဘန်း "ဟုခေါ်သည့် အစားအသောက်များ ရောင်းချသည့်ဆိုင်ကို စတင်ဖွင့်လှစ်ခဲ့သည်။ သို့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ဖောက်သည်များသည် "ဘန်း " သုံးဆောင်ပြီးသည့်နောက် လက်ဖက်ရည်သောက်ရန် လိုအပ်ကြောင်း ၎င်းအနေဖြင့် သိရှိလာသဖြင့် ဖောက်သည်နှစ်ဦးစလုံး နှစ်သက်နိုင်သည့် လက်ဖက်ရည်ဆိုင်ကိုပါ ပူးတွဲဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ဗြိတိသျှတို့က လိုင်စင်ပေးထားသည့် "ဘန်း"ဆိုင်ကို ပိတ်သိမ်းခဲ့သောကြောင့် ၎င်း၏ လုပ်ငန်းကို လက်ဖက်ရည်ဆိုင်အဖြစ် ဆက်လက်လုပ်ကိုင်ခဲ့သည်။




အာဒီယာအမ်ရှုတုလီယာဟု အမည်ပေးထားသော အဆိုပါလက်ဖက်ရည်ဆိုင်ကို ၁၉၂၄ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် ပူနေးမြို့ရာမက်ရှဝါချော့ခ်အရပ်တွင် အိန္ဒိယလများ၏ အာရှဒါနေ့ထူးနေ့မြတ် အခါသမယတွင် စတင်ဖွင့်လှစ်ခဲ့သည်။ မကြာမီမှာပင် အဆိုပါဆိုင်သည် လွတ်လပ်ရေးတိုက်ပွဲဝင်သူများ၏ တိုင်းပြည်အရေးကို စုဝေး တိုင်ပင်ဆွေးနွေးရာ နေရာဖြစ်ခဲ့သည်။ လက်ဖက်ရည်ဆိုင် စတင်တည်ထောင်သူ၏ မြေးဖြစ်သူ လက်ရှိပိုင်ရှင် ဗီရေးနာတီကာက လွတ်လပ်သော အိန္ဒိယနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဂျဝါဟာလာနေရူးပင်လျှင် ဤဆိုင်၌ လက်ဖက်ရည်သောက်ခဲ့သည်ဟု ဆိုသည်။

ဆိုင်၏ အမည်ဖြစ်သည့် အာဒီယာသည် "အသက်ကြီး" သည်ဟူသော အဓိပ္ပာယ်ရပြီး အမ်ရှုတုလီယာသည် "ဇဝပါး

စာမျက်နှာ ၆ သို့ ■

## မြန်မာအသင်းနှင့် လာအိုအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျ

ဆူရာဘာယား ဇူလိုင် ၂၁

အင်ဒိုနီးရှားနိုင်ငံ၊ ဆူရာဘာယားမြို့တွင် ကျင်းပပြုလုပ်သော အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ(အုပ်စု-ခ)ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ည ၇ နာရီက မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာအသင်းသည် အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(အုပ်စု-ခ)အုပ်စုပွဲစဉ် နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံး သရေကျကာ ရမှတ် ၂ မှတ်သာရရှိထားသေးသည်။



မြန်မာအသင်းသည် အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(အုပ်စု-ခ)နောက်ဆုံးပွဲစဉ်အဖြစ် ဇူလိုင် ၂၄ ရက်တွင် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)